မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၄၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-စီရမ်ရိ (အန်ကောဝပ်) ခရီးစဉ်သစ် စတင်ပျံသန်းခြင်းအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-စီရမ်ရိ(အန်ကောဝပ်)ခရီးစဉ်သစ် စတင်ပျံသန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး၊ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းနှင့် တာဝန်ရှိသူတို့က အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) ၏ ရန်ကုန်-စီရမ်ရိ (အန်ကောဝပ်) ခရီးစဉ်သစ် စတင်ပျံသန်းခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ဌေး၊ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများ၊ ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) နာယက ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ဗိုလ်ချုပ်တင်ဌေး၊ တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ◆

နိုင်ငံ့ဂုဏ်ဆောင် မြန်မာမြားပစ်အဖွဲ့ အောင်ပွဲများနှင့်အတူ ပြန်လည်ရောက်ရှိ

❖ သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ဖိုးသော်ဇင် ❖

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၁ ရက်အထိ ကျင်းပခဲ့သည့် ၂၀၁၁ ခုနှစ် ကမ္ဘာ့အဆင့်သတ်မှတ်ရေး ပထမအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် တစ်ခုနှင့် ကြေးတံဆိပ် လေးခု ဆွတ်ခူးရရှိပြီး နိုင်ငံအလိုက် ပထမနေရာရရှိခဲ့သော နိုင်ငံ့ဂုဏ်ဆောင် အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့သည် ယမန်နေ့ည ၈ နာရီ ၁၅ မိနစ်က ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

ပေးအပ်ချီးမြှင့်

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့အား မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်းကို ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့် အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီတို့က ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ❍

24-2 (01).pmd 1 2/24/2011, 1:59 AM

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်)

တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့တိုင်းရင်းဆေးပညာ ထိန်းသိမ်းစောင့်ရှောက်

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက် မြန်မာ့ယဉ်ကျေးမှု ရိုးရာအမွေအနှစ် ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ အခြေခိုင်မာစွာ ဖြစ်ထွန်းတည်တံ့ခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် ထီးသုံးနန်းသုံး တော်ဝင်ဆေးပညာရပ်ဖြစ်သည်။

မြန်မာလူမျိုးတို့သည် အနောက်တိုင်းဆေးပညာ မပေါ်ပေါက်မီကတည်းကပင် ခေတ်အဆက်ဆက် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအတွက် ကုန်ကြမ်းများရရှိရန် ပရဆေးပင်များ စိုက်ပျိုးခြင်းနှင့် ပရဆေးပင်များ ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းကို ပရဆေးပျိုးဥယျာဉ်များ တည်ထောင်ဆောင်ရွက်လျက်ရှိသည်။ တိုင်းရင်းဆေးဝါးများ အရည်အသွေးကောင်းမွန်မှု ရှိ မရှိ သုတေသနပြုဓာတ်ခွဲပေးခြင်းလုပ်ငန်း၊ မြန်မာ့ တိုင်းရင်းဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ရှေးဟောင်းဆေးကျမ်း ပေပုရပိုက်များ စုဆောင်းထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

နေပြည်တော် အမျိုးသားပရဆေးဥယျာဉ်ကြီးကိုလည်း နိုင်ငံတကာအဆင့်မီ ပရဆေးဥယျာဉ်ကြီးဖြစ်လာရန် ရည်ရွယ်ချက်ဖြင့် နေပြည်တော်၊ တောင်ညိုလမ်းမကြီးနံဘေး ၁၉၆ ဒသမ ၄ ဧက ကျယ်ဝန်းသော မြေဧရိယာပေါ်တွင် ၄-၁-၂၀၀၈ ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ယင်းအမျိုးသားပရဆေးဥယျာဉ်ကြီးအတွင်းတွင် မြန်မာနိုင်ငံဒေသမျိုးစုံ၌ ပေါက်ရောက်သော အစွမ်းထက် ရှားပါးပရဆေးပင်မျိုးစုံကို စုစည်းတွေ့မြင်နိုင်သည်။ အပင်ကြီး၊ အပင်ငယ် ရှားပါးဆေးဖက်ဝင် အပင်များ ထောင်သောင်းမက ပေါက်ရောက်လျက်ရှိပြီး အမျိုးပေါင်းများစွာရှိသည်။

မြန်မာနိုင်ငံသည် အဖိုးတန်ပရဆေးပင်များ၊ ရှားပါးအပင်မျိုးများနှင့် တန်ဖိုးမဖြတ်နိုင်သည့် တိုင်းရင်းဆေးပညာရပ်များကို ပိုင်ဆိုင်ထားရာ ၎င်းတို့ လျော့ပါးပျောက်ပျက်မသွားရန်နှင့် ရေရှည်ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။ မြန်မာ့တိုင်းရင်းဆေးပညာ၏ ကြွယ်ဝပြည့်စုံသော မူလအနှစ်သာရနှင့် အဆီအနှစ်များကို ခေတ်မီနည်းပညာများဖြင့် သိပ္ပံနည်းကျ သုတေသနပြု ဖော်ထုတ် မြှင့်တင်လျက် နိုင်ငံတကာသို့ ပိုမိုထိုးဖောက်ရောက်ရှိရန် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကောင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဇေယျာအောင်သည် ဖေဖော်ဝါရီ ၁၇ ရက်က မြစ်ကြီးနား-မိုးကောင်း ကားလမ်းနှင့် မိုးကောင်း ဘူတာတို့ကို ကြည့်ရှုစစ်ဆေးပြီး မိုးကောင်းမြို့ ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လူနာများအား ရင်းရင်းနှီးနှီးအားပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုးကောင်းမြို့ ကျက်သရေဆောင် ပြည်လုံးချမ်းသာ ရွှေသာလျောင်းဆုတောင်းပြည့်စေတီတော်မြတ်ကြီး အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ပေးအပ်လှူဒါန်းကာ မိုးကောင်းမြို့ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြေကြီးမြေပုံနှင့်မြေစာရင်း မှန်ကန်ရေး ကွင်းဆင်းဆောင်ရွက်

ကျောင်းကုန်း ဖေဖော်ဝါရီ ၂၃

မြေတိုင်းတာခြင်းနှင့် မြေပုံများ ပြည့်စုံစွာထားရှိရေး၊ မြေကြီးမြေပုံနှင့် မြေစာရင်းမှန်ကန်ရေးအတွက် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနက ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၁၀-၂၀၁၁ ခုနှစ် မြေတိုင်းရာသီတွင် ကွင်းပေါင်း ၅၀ကို တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့် ကြီးကြပ်မှုဖြင့် စီမံချက်ချမှတ်၍ ပြန်တိုင်းဆောင်ရွက်လျက်ရှိရာ ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စု ကွင်းအမှတ် (၄၂၄-ခ)၌ မြေစာရင်းကွင်းဝန်ထမ်းများက ခေတ်မီမြေတိုင်းကိရိယာများ၊ Digital မှန်ပြောင်းများအသုံးပြု၍ ကွက်ကျဲတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး ဒုတိယမြေစာရင်းဦးစီးဌာနမှူး ဦးအုန်းမြင့်၊ ပုသိမ်ခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးသိန်းကျော်နှင့် မြို့နယ်မြေစာရင်း ဦးစီးဌာနမှူး ဦးစိုးတင့်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

ကြီးကြပ်ဆောင်ရွက်

ထို့နောက် တိုင်းဒေသကြီး ဒုတိယမြေစာရင်း ဦးစီးဌာနမှူးနှင့်အဖွဲ့သည် ကျောင်းကုန်းမြို့နယ် ကံကလေးကျေးရွာအုပ်စု လေ့ဒါးချောင်ကျေးရွာ၌ ၂၀၁၀ ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအား လက်တွေ့ ကွင်းဆင်းဆောင်ရွက်နေမှုများကို ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး သံဖြူဇရပ်၌ ပညာပေးဆွေးနွေး

သံဖြူဇရပ် ဖေဖော်ဝါရီ ၂၃

သံဖြူဇရပ်မြို့နယ်အတွင်း ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းနှင့် ပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး (ယာပုံ) မော်လမြိုင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာသန်းသန်းရီက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများကို ပညာပေးဆွေးနွေးကာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာတင်ဌေးက ပညာပေး ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေထုတ်ပြွန် ပြုလုပ်

ရေကြည်မြို့ ဗထူး(၈)လမ်းနှင့် မြို့ပတ်လမ်းထောင့် ကွန်ကရစ် ရေထုတ်ပြွန်ပြုလုပ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၆ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သန်းဝင်းတို့ ကြီးကြပ် ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်အဆောက်အအုံသစ် သိန်းနီမြို့နယ်၌ဖွင့်

သိန်းနီ ဖေဖော်ဝါရီ ၂၃

လားရှိုးခရိုင် သိန်းနီမြို့နယ် ကောင်းဟော်ကျေးရွာအုပ်စု ကောင်းလောက်စောက်ကျေးရွာတွင် ပညာ့အလင်း စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းက စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာ့အလင်းစာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိသိမ့်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးမောင်အုန်းတို့က အဆောက်အအုံသစ်ရှေ့၌ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ စာကြည့်တိုက်အတွက် နိုင်ငံတော်မတည်ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်စန်းကလည်းကောင်း၊ စေတနာရှင်အလှူရှင်များက လှူဒါန်းငွေကျပ် လေးသိန်းကို ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းကလည်းကောင်း လက်ခံယူပြီး မြို့နယ်ဥက္ကဋ္ဌ ဦးသန်းအောင်က အလှူငွေကျပ် ၅၀၀၀၀၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးသန်းအေး၊ မြို့နယ်ဆောက်လုပ်ရေးအင်ဂျင်နီယာ ဦးတင်အောင်ဝင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးမျိုးသန့်တို့က အလှူငွေကျပ် ၁၀၀၀၀စီကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြရာ ရပ်ကွက်ဥက္ကဋ္ဌဦးမင်းထွန်းနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါစာကြည့်တိုက်အဆောက်အအုံသည် အလျား၃၄ပေ၊ အနံ ၁၄ပေ၊ အမြင့်၁၂ပေရှိ အင်္ဂတေခင်း၊ သွပ်မိုး၊ အုတ်ပတ်ကား အဆောက်အအုံဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

သာသနာရေးဝန်ကြီး သူရဦးမြင့်မောင်အား ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

သာသနာရေးဝန်ကြီးဌာန ဝန်ကြီးသူရဦးမြင့်မောင်အား ကိုရီးယား-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ကိုရီးယားသမ္မတနိုင်ငံ ဘုန်းတော်ကြီး VEN .MOK TAK ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကိုရီးယား-မြန်မာချစ်ကြည်ရေးနှင့် သာသနာတော်ဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ထို့နောက် ဗိုလ်ချုပ်တင်ငွေသည် ရန်ကုန်-စီရမ်ရိ(အန်ကောဝပ်)ခရီးစဉ်သစ်တွင် လိုက်ပါသွားကြမည့် ခရီးသည်များအား ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်သည်။

သဘောတူလက်မှတ်ထိုး

အဆိုပါ ရန်ကုန်-စီရမ်ရိ (အန်ကောဝပ်) ခရီးစဉ်သစ်သည် ၂၀၁၀ခုနှစ်၌ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၏ ကမ္ဘောဒီးယားနိုင်ငံ ခရီးစဉ်အတွင်း နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ နှစ်နိုင်ငံ ချစ်ကြည်ရေးနှင့် နှစ်နိုင်ငံကြားခရီးသွားလုပ်ငန်း အပြန်အလှန်မြှင့်တင်ရေး အပေါ် အခြေခံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ သဘောတူလက်မှတ်ရေးထိုးခဲ့မှုအရ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြေးဆွဲလျက်ရှိ

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)သည် ခရီးသည် ၁၆၀ လိုက်ပါစီးနင်းနိုင်သည့် Air Bus A- 320 အမျိုးအစားလေယာဉ်သုံးစင်းနှင့် ခရီးသည် ၂၂၀ လိုက်ပါစီးနင်းနိုင်သည့် Air Bus A- 321 အမျိုးအစားလေယာဉ်တစ်စင်းတို့ဖြင့် ဗန်ကောက်၊ စင်ကာပူ၊ ကွာလာလမ်ပူနှင့် ဂယာမြို့များသို့ တိုက်ရိုက်အသွား/အပြန် ခရီးစဉ်များကို လည်းကောင်း၊ Air Bus A- 321 အမျိုးအစားလေယာဉ်တစ်စင်းကို ဗန်ကောက်၌ ညအိပ်ရပ်နားကာ ဗန်ကောက်-ရန်ကုန်အပြင် နိုင်ငံတကာခရီးစဉ်အပိုင်းဖြစ်သော ဗန်ကောက်-စင်ကာပူ နေ့စဉ် အသွား/အပြန် ခရီးစဉ်ကိုလည်းကောင်း အောင်မြင်စွာပြေးဆွဲလျက်ရှိပြီး ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်းအဖွဲ့များ၏ စင်းလုံးငှား ခရီးစဉ်များကိုလည်း အခါအားလျော်စွာ ပြေးဆွဲလျက် ရှိသည်။

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)အနေဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့၊ ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၊ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၊ အာရပ်စော်ဘွားများနိုင်ငံ ဒူဘိုင်းမြို့နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျကာတာမြို့နှင့် ဘာလီကျွန်း အစရှိသော ဒေသများသို့လည်း ဆက်လက်ပျံသန်း ပြေးဆွဲသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI)မှ လေယာဉ်များကို တွေ့ရစဉ်။ (သတင်းစဉ်)

အိမ်ရာနှင့်အဆောက်အအုံပြပွဲ-၂၀၁၁ တပ်မတော်ခန်းမ၌ ကျင်းပမည်

SGC COTTO AUX Air-Conditioner

ရန်ကုန် ဖေဖော်ဝါရီ ၂၃

IEMS Company Limited သည် HOUSING & BUILDING 2011 (အိမ်ရာနှင့် အဆောက်အအုံ ပြပွဲ-၂၀၁၁)ကို မတ် ၃ ရက်မှ ၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသရန် စီစဉ်လျက်ရှိသည်။

ပြပွဲတွင် Shine Group of Companies မှ အရစ်ကျငွေပေးချေမှု၊ အကျိုးတူပူးပေါင်း၍ ဆောင်ရွက်ခြင်းစနစ်များဖြင့် အိမ်ရာအရောင်းပြခန်းများ၊ Kayung Myat Zaw Co., Ltd. မှ ဗီယက်နမ်နိုင်ငံထုတ် Viglacera အမှတ်တံဆိပ် အိမ်တွင်းအလှဆင်ပစ္စည်းများနှင့် အိမ်အမိုးပြားအမျိုးမျိုး၊ SuSuCo Title များ၊ COTTO Sanitary ware များ၊ Home Plus နှင့် Tiger Supply မှ အိမ်အတွင်းအလှဆင်ပစ္စည်းအမျိုးမျိုး၊ United Asia Co., Ltd. မှ Aux တံဆိပ် Aircon များ၊ ChrisHo Company မှ Gree Aircon များ၊ Myat Kan Moe၊ ELBA၊ Fudak/ JBS Electronic၊Toshiba Kyaw Win နှင့် Treasure Place Company မှ Pansonic အိမ်တွင်းသုံး လျှပ်စစ်ပစ္စည်းများ၊ KMD မှ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ Timber land၊ Lin Win၊ Gold Coil/ Osim ၊ စိန်နှင့်မြ၊ Ocean Glory ရွှေပင်ငွေပင်တို့မှ ခေတ်မီအိမ်သုံး၊ ရုံးသုံး ဆန်းသစ်သော ပရိဘောဂများနှင့် မီးခံသေတ္တာများ၊ Rinnai မှ နောက်ဆုံးပေါ် Gas Stove အမျိုးမျိုး၊ Allways မှ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအမျိုးမျိုး၊ Ever Live မှ Nahm တံဆိပ် ရေချိုးခန်းသုံးပစ္စည်းအမျိုးမျိုး၊ MNZ မှ နောက်ဆုံးပေါ် ငွေရေစက်များ၊ Caribbian တံဆိပ် ရေသန့်စက်များ၊ Sin Pauk Trading Co., Ltd.၊ Unitake ၊ Home Distribution Group/ Parami Trading Co., Ltd./ Maruart တို့မှ Vinyl ကြမ်းခင်းအမျိုးမျိုးနှင့် တံခါးအမျိုးမျိုး၊ K- Company မှ မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ Yadanar Moe မှ Air Freshener အမျိုးမျိုး၊ The One PE Tank မှ ကိုရီးယားနိုင်ငံထုတ်ရေတိုင်ကီအမျိုးမျိုး၊ United Lighting မှ အိမ်တွင်းအလှဆင်မီးဆိုင်းအမျိုးမျိုး၊ Classic Cable မှ ဝိုင်ယာကြိုးအမျိုးမျိုး၊ Tractor King မှ Generator နှင့် Machinery များ၊ ငွေကြယ်စင်မှ မော်တော်ယာဉ်အသစ်အဆန်းအမျိုးမျိုးအပြင် LiLi, Cherry, Ocean , Hi Style နှင့် အခြားသော ကုမ္ပဏီများမှ လူသုံးကုန်ပစ္စည်းအမျိုးမျိုး ခင်းကျင်းပြသမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၈၆၂၆၀၈၀သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မူဆယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

မူဆယ် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ မြို့တော်ခန်းမ၌ မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၁နာရီက ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဟိန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ကိုယ်ပိုင်ယာဉ်မောင်းများ၊ အငှား ယာဉ်မောင်းများ၊ ယာဉ်ပိုင်ရှင်များ တက်ရောက်ကြသည်။

ဟောပြော

ဟောပြောပွဲတွင် မူဆယ်ခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းသိန်း၊ ခရိုင်ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်သိန်း၊ မြို့နယ်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာ ဦးကျော်ကျော်မိုး၊ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ်ကျော်စိုးအောင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများနှင့်ပတ်သက်၍ ယာဉ်မောင်းသူများ လိုက်နာရမည့် အချက်များကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

(မီးသတ်ဦးစီးဌာန)

ပုသိမ်မြို့နယ်၌ မီးကြွင်းမီးကျန်မှ မီးလောင်

ပုသိမ် ဖေဖော်ဝါရီ ၂၃

ပုသိမ်မြို့နယ် ဇင်ပြွန်းကုန်းကျေးရွာအုပ်စု ကြည်သာကျေးရွာ၌ နေထိုင်သော ဒေါ်စန်းစန်းအေး၏ ပျဉ်ထောင်သွပ်မိုးမြေစိုက်နေအိမ် လက်ဖက်ရည်ဆိုင်တွင် ဖေဖော်ဝါရီ ၂၀ ရက် သန်းခေါင်အချိန်က မီးဖိုမီးကြွင်း မီးကျန်မှ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်စိုးခေါင်းဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ကြသည်။

အရေးယူထား

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် နေအိမ်တစ်လုံးနှင့် လက်ဖက်ရည်ဆိုင်၊ ဆိုင်ကယ်တစ်စီး၊ စက်ဘီးတစ်စီး မီးထဲပါသွားပြီး ယင်းအမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာမှ အရေးယူထားကြောင်း သိရှိရသည်။

(၀၇၇)

❒ *ကျောဖုံးမှ*

ရှောင်ကြဉ်သင့်

ကင်ဆာရောဂါမဖြစ်ပွားစေရန်အတွက် ကွမ်း၊ ဆေးလိပ်နှင့် အရက်သေစာများ သောက်သုံးခြင်းမှ ရှောင်ကြဉ်သင့်ကြောင်းဖြင့်လည်း ကျွမ်းကျင်သူများက တိုက်တွန်းထားသည်။

လေ့ကျင့်ခန်းပုံမှန်လုပ်

ကင်ဆာရောဂါကာကွယ်နိုင်ရန် အရေးကြီးဆုံးတစ်ချက်မှာ နေ့စဉ်ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းတစ်ခုခုကို ပုံမှန်ပြုလုပ်ခြင်းဖြစ်သည်။ နေ့စဉ်လေ့ကျင့်ခန်း ပြုလုပ်ရာ၌ မိမိနှစ်သက်ရာ အားကစားတစ်မျိုးမျိုးကို ပြုလုပ်နိုင်သည်။ ဥပမာ-လမ်းလျှောက်ခြင်း၊ ဘောလုံး၊ ခြင်းလုံး၊ တင်းနစ်၊ ကြက်တောင်အစရှိသော အားကစားတစ်မျိုးမျိုး ပြုလုပ်ခြင်းတို့ပင် ဖြစ်သည်။ လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်သည်ဟုဆိုရာတွင် ချွေးထွက်မှုရှိသည့် လေ့ကျင့်ခန်းမျိုးဖြစ်သည်။ သာမန်လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် ထိရောက်သောအကျိုးကို မဖြစ်စေနိုင်ဘဲ ခပ်သွက်သွက်လမ်းလျှောက်ခြင်းဖြင့်သာ ကျန်းမာရေးအတွက် ပိုမိုအထောက်အကူဖြစ်စေကြောင်းသတိပြုသင့်သည်။

ကင်ဆာရောဂါသည် ကမ္ဘာပေါ်တွင် လူအသေအပျောက်များသည့် ရောဂါတစ်မျိုးဖြစ်သည်။ အထူးသဖြင့် ရင်သားကင်ဆာ၊ အသည်း ကင်ဆာ၊ အူမကြီးကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာနှင့် ဆီးကျိတ်ကင်ဆာများမှာ အဆိုးဆုံးဖြစ်သည်။

လူတို့သည် အထက်ဖော်ပြပါ သဘာဝကျကျ နေထိုင်စားသောက်ခြင်းနည်းလမ်းများအတိုင်း ပြုပြင်သွားမည်ဆိုပါက ရင်သားကင်ဆာဖြစ်ပွားမှုနှုန်း ၄၀ ရာခိုင်နှုန်း လျော့ကျနိုင်မည်ဖြစ်သကဲ့သို့ အခြားသောကင်ဆာရောဂါများကိုလည်း လျော့ကျစေနိုင်လိမ့်မည်ဖြစ်ကြောင်း အမေရိကန်ကင်ဆာသုတေသနနှင့် ကမ္ဘာ့ကင်ဆာ သုတေသနရန်ပုံငွေအဖွဲ့တို့မှ ကျွမ်းကျင်သူများက ဖေဖော်ဝါရီ ၂၂ ရက်၌ ပြောကြားခဲ့သည်။

ကိုယ်အလေးချိန်လျှော့ချခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားကစားခြင်းနှင့် အခြားသောသဘာဝကျကျ ပြုမူနေထိုင်ပါက ကင်ဆာရောဂါကြောင့် သေဆုံးနေရခြင်းများကို တားဆီးပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကမ္ဘာ့ကင်ဆာ သုတေသန ရန်ပုံငွေအဖွဲ့မှ ဆေးဘက်နှင့် သိပ္ပံအကြံပေးအရာရှိ မာတင်ဝိုက်မန်းက ပြောကြားသည်။

အသက်အရွယ်ကြီးသော်လည်း ကျန်းမာရေးအတွက် ဤသို့ ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ကြသည်။ (အင်တာနက်ဓာတ်ပုံ)

ဤသို့ သဘာဝကျကျ နေထိုင်စားသောက်ခြင်းတို့ကြောင့် တရုတ်နိုင်ငံတွင် ၂၇ ရာခိုင်နှုန်း၊ အမေရိကန်တွင် ၃၅ ရာခိုင်နှုန်း၊ ဗြိတိန်၌ ၃၇ ရာခိုင်နှုန်း ကင်ဆာရောဂါဖြစ်ပွားခြင်းမှ လျော့ကျစေခဲ့ကြောင်း ကမ္ဘာ့ကင်ဆာသုတေသနရန်ပုံငွေက လေ့လာတင်ပြထားသည်။ ယင်းတွေ့ရှိချက်များကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ထောက်ခံထားသည်။

လေ့ကျင့်ခန်း

လေ့ကျင့်ခန်း ပုံမှန်ပြုလုပ်ခြင်းသည် ကင်ဆာ၊ နှလုံးနှင့် ဆီးချိုရောဂါများကိုပါ ကာကွယ်ပေးနိုင်စွမ်းရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထပ်လောင်းထောက်ခံထားသည်။

သို့ဖြစ်၍ လူတိုင်းကင်ဆာရောဂါမှ ကင်းဝေးစေနိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သောနေထိုင်စားသောက်မှုပုံစံကို လိုက်နာ ကျင့်သုံးသင့်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

တီဘီရောဂါကာကွယ်ရေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ကိုးသန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၇သန်း ခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ တွင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး အမျိုးသားကျန်းမာရေး စီမံကိန်းတွင် အဓိကဦးစားပေးတိုက်ဖျက်ရမည့် ရောဂါအဖြစ် သတ်မှတ်ပြဋ္ဌာန်းထားပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ချောင်းနှစ်ပတ်နှင့်အထက်ဆိုးပါက တီဘီရောဂါရှိ၊ မရှိ စစ်ဆေးပါ။
(၂) ရောဂါတွေ့ရှိပါက အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်ကင်းသည်အထိ ကျန်းမာရေးဌာနများမှ **(အခမဲ့)** ကုသပေးလျက်ရှိပါသည်။
(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျ ဆေးသောက်ပါက ရောဂါပျောက်ကင်းမည် ဖြစ်ပါသည်။
(၄) တီဘီလူနာများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဦးစီးဌာန၊ကျန်းမာရေးဝန်ကြီးဌာန

24-2 (03).pmd 1 2/24/2011, 1:59 AM

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂၃ ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ **၇၀၅၀၅၃** ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၁၂၇၆၆၀၃** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၇၀၅၀၅၃ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၇၆၆၀၃ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ကဘူးလ် ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဖေဖော်ဝါရီ ၂၃ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ **၃၃၆၆၇**ဦးရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ **၄၀၉၇၇** ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၃၆၆၇ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၄၀၉၇၇ ဦး

(အင်တာနက်)

အီရတ်နိုင်ငံ ဆာမာရာမြို့၌ ဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွား

၁၂ ဦးသေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိ

တီကရစ် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်ရှိ ဆာမာရာစီးတီးမြို့တွင် အီရတ်လုံခြုံရေး တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထားပြီး တိုက်ခိုက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၂ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ၁၂ ဦး သေဆုံးပြီး ၁၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆာလာဟူဒင်ပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ဆာမာရာမြို့မြောက်ပိုင်းရှိ ရဲတပ်ဖွဲ့ဝင်များ စုဆောင်းရေးစခန်းအတွင်းသို့ ဗုံးများ တင်ဆောင်ထားသည့်ကားမောင်းဝင်ကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

မကြာမီကလည်း ဆာမာရာမြို့ရှိ စစ်အခြေစိုက်စခန်းအပြင်ဘက်၌ ကားဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးပြီး ၁၅ ဦး ဒဏ်ရာရရှိခဲ့သည်။ ဆာမာရာမြို့သည် ဆွန်နီများကြီးစိုးရာ အရပ်ဖြစ်ပြီး အမေရိကန်နှင့် အပေါင်းအပါတပ်ဖွဲ့များကို အပြင်းအထန် ခုခံတိုက်ခိုက်နေသည့်မြို့ဖြစ်သည်။

ဖြစ်ပွား

ယခုအခါ အီရတ်နိုင်ငံတစ်ဝန်း မြို့ကြီးများတွင် ဗုံးခွဲတိုက်ခိုက်မှုနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားလျက်ရှိသည်။

(အင်တာနက်)

အာဖဂန်၌ တိုက်ခိုက်မှုများကြောင့် ၆၅ ဦးသေဆုံး

အက်ဆာဒါဘတ် ဖေဖော်ဝါရီ ၂၃

အာဖဂန်နိုင်ငံ ကဘူးလ်မြို့တော်အရှေ့ဘက် ၁၈၅ ကီလိုမီတာအကွာ ကူနာပြည်နယ်တွင် လွန်ခဲ့သည့် လေးရက်အတွင်း အပြန်အလှန်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများနှင့် အစိုးရဆန့်ကျင်ရေး သောင်းကျန်းသူ တပ်ဖွဲ့ဝင် စုစုပေါင်း ၆၅ဦးခန့် သေဆုံးခဲ့ကြောင်း အာဖဂန်အရာရှိများက ဖေဖော်ဝါရီ ၂၁ ရက်၌ ပြောကြားသည်။

ထိုသို့သေဆုံးရမှုတွင် အာဖဂန်တိုက်ခိုက်ရေးသမားများကို အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် နေတိုးတပ်ဖွဲ့တို့ လေကြောင်းမှ တိုက်ခိုက်မှုများလည်းပါဝင်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

မြင့်တက်ဖွယ်ရှိ

ကူနာပြည်နယ် ဂါဇိုင်အက်ဘတ်ခရိုင်တွင် ဖြစ်ပွားခဲ့သော လေးရက်ကြာ စစ်ဆင်ရေးအတွင်း သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း၊ သေဆုံးသူဦးရေ ဆက်လက်မြင့်တက်ဖွယ်ရှိကြောင်း သိရသည်။

(အင်တာနက်)

အီရတ်၌ တိုက်ခိုက်မှု တစ်နေ့တည်း ၁၈ ဦးသေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများ ဖေဖော်ဝါရီ ၂၁ ရက်က ဖြစ်ပွားစဉ် တစ်နေ့တည်း အနည်းဆုံး ၁၈ဦး သေဆုံးပြီး ၃၃ဦး ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်းတွင် ဖေဖော်ဝါရီ ၂၂ ရက်က ဖော်ပြပါရှိသည်။

အီရတ်နိုင်ငံ ဆာမာရာရှိ အရေးပေါ်တပ်ရင်းကို ပစ်မှတ်ထားပြီး အသေခံကားဗုံးခွဲ တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင် ၁၃ ဦး သေဆုံးပြီး ၃၀ ဒဏ်ရာရရှိသည်။ ရှာကက်၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် နှစ်ဦးသေဆုံးသွားသည်။ ဘဂ္ဂဒက်မြို့တော်၌ တရားသူကြီးတစ်ဦးအား ဗုံးခွဲတိုက်ခိုက်သော်လည်း ကိုယ်ရံတော်နှစ်ဦးသာ ဒဏ်ရာရရှိသွားသည်။

ဆူလေမန်နီးယား၌ တိုက်ခိုက်မှုအတွင်းဒဏ်ရာရရှိခဲ့သူ ဆယ်ကျော်သက်တစ်ဦး ဖေဖော်ဝါရီ ၂၁ ရက်က သေဆုံးခဲ့သည်။ ဖလူးဂျာ၌ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး ကယ်ကွတ်၌ အီဂျစ်တစ်ဦး၏ အလောင်းကို တွေ့ရှိသည်။ ဒီယာလာပြည်နယ်တွင် မြေမြှုပ်ဗုံးနင်းမိသဖြင့် အရပ်သားတစ်ဦး ဒဏ်ရာရရှိသွားသည်။

(အင်တာနက်)

အာဖဂန် ကွန်ဒုဇ်ပြည်နယ်၌ ဗုံးပေါက်ကွဲ ၃၁ ဦးသေဆုံး

ကွန်ဒုဇ် ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ ကွန်ဒုဇ်ပြည်နယ်တွင် ဖေဖော်ဝါရီ ၂၂ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ၃၁ ဦးသေဆုံးပြီး ၃၉ ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်အရာရှိများက သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

၎င်းဗုံးဖောက်ခွဲ တိုက်ခိုက်မှုမှာ တာလီဘန်တို့လက်ချက်ဖြစ်ပြီး အများဆုံး သေဆုံးသူများမှာ အမျိုးသမီးများနှင့် ကလေးငယ်များဖြစ်ကြသည်ဟု ကွန်ဒုဇ်ပြည်နယ်အုပ်ချုပ်ရေးမှူး အာယွတ်ဟက်ယာက ပြောကြားသည်။ ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်များပါဝင်သည်။

အာဖဂန်နစ္စတန်နိုင်ငံတွင် ရဲတပ်ဖွဲ့ဝင်များနှင့်ပြည်သူများအား ပစ်မှတ်ထားတိုက်ခိုက်လျက်ရှိသဖြင့် ပြည်သူများအတွက် ရင်လေးစရာပင်ဖြစ်သည်။ အာဖဂန်နစ္စတန်၌ မကြာသေးမီကလည်း ဗုံးပေါက်ကွဲမှုကြောင့် ပြည်သူ ၃၈ ဦး သေဆုံးပြီး ၇၁ ဦးဒဏ်ရာရရှိခဲ့သည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

ပါကစ္စတန်အနောက်ပိုင်း၌ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲ

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၃

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်းတွင် ဖေဖော်ဝါရီ ၂၃ရက်က ဓာတ်ငွေ့ပိုက်လိုင်းတစ်လိုင်း ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း ပါကစ္စတန်ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **(အောက်ပုံ)**

ယင်းဓာတ်ငွေ့ပိုက်လိုင်းမှာ ဘာလူချီစတန်ပြည်နယ် နက်ဆာရာဘတ်မြို့အနီးမှ ဖြတ်သန်းသွယ်တန်းထားသော ပိုက်လိုင်းဖြစ်သည်။ အဆိုပါပေါက်ကွဲမှုမှာ တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်နိုင်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဓာတ်ငွေ့ပိုက်လိုင်း မီးလောင်ပေါက်ကွဲမှုကြောင့် ဓာတ်ငွေ့ဖြန့်ဖြူးမှုရပ်ဆိုင်းထားရကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။ **(အင်တာနက်)**

➢ မိုးမြင့်လင်းလက် - ရေးသားသည် ➣

နယူးဇီလန်ငလျင် သေဆုံးသူ ၇၅ ဦးရှိလာ

ဝယ်လင်တန် ဖေဖော်ဝါရီ ၂၃

နယူးဇီလန်နိုင်ငံ ခရစ်ချတ်ချ်မြို့၌လှုပ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူ ၇၅ ဦးအထိ ရှိလာကြောင်း ဖေဖော်ဝါရီ ၂၃ ရက်တွင် မြို့တော်ဝန် ဘော့ပါကာက ပြောကြားသည်။

ဖေဖော်ဝါရီ ၂၃ ရက်နေ့ နံနက်ပိုင်းအထိ လူပေါင်း ၃၀၀ ခန့် ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ အသေးစိတ်ကို ဆက်လက်စုံစမ်းနေဆဲဖြစ်ကြောင်း၊ ရာပေါင်းများစွာသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် စေတနာရှင်ပြည်သူများက ကယ်ဆယ်ရေးလုပ်ငန်းများကို နေ့ရောညပါ အပူတပြင်း လုပ်ဆောင်လျက်ရှိကြောင်း မြို့တော်ဝန်က ပြောကြားသည်။ **(ယာပုံ)**

အဆိုပါ ငလျင်အတွင်း ဂျပန်နိုင်ငံ ဟိုကုရီကုဒေသရှိ တိုယားမားနိုင်ငံခြားဘာသာကောလိပ်မှ ကျောင်းသား ကျောင်းသူ ၂၃ ဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့လည်း ပြိုကျအဆောက်အအုံအတွင်း ပိတ်မိနေသည်။ **(အင်တာနက်)**

တရုတ်အရှေ့ပိုင်း၌ စက်ရုံတစ်ရုံ မီးလောင်

ဟန်ကျို့ ဖေဖော်ဝါရီ ၂၃

တရုတ်နိုင်ငံ ကျီကျင်းပြည်နယ် အရှေ့ပိုင်းစက်ရုံတွင် ဖေဖော်ဝါရီ ၂၃ရက်က မီးလောင်မှုဖြစ်ပွားရာ စက်ရုံအတွင်းမှ လူများအား အရေးပေါ် ကယ်ထုတ်ခဲ့ရကြောင်း တရုတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းစက်ရုံသည် ထုပ်ပိုးစရာများထည့်သည့် ဘူးနှင့်သေတ္တာများ ထုတ်လုပ်သည့် စက်ရုံဖြစ်ပြီး မီးလောင်မှုဖြစ်ပွားစဉ် ပိတ်မိနေသော လူ ၁၀ ဦးအား အရေးပေါ် ကယ်ထုတ်ခဲ့ရသည်။ မီးလောင်မှုဖြစ်ပွားစဉ် စက်ရုံအတွင်း၌ လူ ၂၀ ခန့် ရှိနေကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားသည့် စက်ရုံမှာ ကျီကျင်းပြည်နယ် အော်ဟိုင်ခရိုင်အတွင်းမှ စက်ရုံဖြစ်ပြီး ဖေဖော်ဝါရီ ၂၃ရက် နံနက် ၈ နာရီ ၂ မိနစ်ခန့်က မီးလောင်ခဲ့ခြင်းဖြစ်သည်။

ရှာဖွေ

မီးလောင်ခံရသည့် စက်ရုံ အဆောက်အအုံမှာ ပျက်စီးဆုံးရှုံးခဲ့ပြီး စက်ရုံအတွင်း မီးလောင်ခံရပြီး သေဆုံးသူများအား ရှာဖွေလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။

(အင်တာနက်)

ဟိုတယ်လုပ်ငန်းနှင့် နိုင်ငံခြားဘာသာစကားသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) နှင့် အင်္ဂလန်နိုင်ငံ Confederation of Tourism and Hospitality (CTH) အသိအမှတ်ပြု Asia Masters ဟိုတယ်သင်တန်းကျောင်းသည် ပြည်တွင်းပြည်ပအလုပ်အကိုင် ရှာဖွေလိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းငယ် လုပ်လိုသူများအတွက် အသက်မွေး သင်တန်းတစ်ခုကို မတ် ၄ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းအမျိုး အစားအနေဖြင့် အလုပ်အကိုင်ရှာဖွေလို သူများနှင့် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူများအတွက် နှစ်လ Certificate သင်တန်းများ၊ တစ်နှစ် နိုင်ငံတကာ အသိအမှတ်ပြု CTH Hotel Management Diploma သင်တန်းများ၊ အင်္ဂလိပ်၊ဂျပန်ဘာသာစကားသင်တန်း များနှင့် ကွန်ပျူတာ သင်တန်းများ ပါဝင်သည်။

နှစ်လ Certificate သင်တန်းများတွင် ဟိုတယ်စားဖိုမှူး၊ ဘားဝန်ထမ်း၊ စားပွဲထိုး၊ ဧည့်ကြိုနှင့် လေယာဉ်မယ်၊ အိပ်ခန်းဆောင်ထိန်း၊ အဲယားကွန်း ကျွမ်းကျင်၊ အရောင်းနှင့် ငွေကိုင် ဝန်ထမ်းသင်တန်းဟူသည့် သင်တန်း ခုနစ်မျိုး ပါဝင်သည်။

ဖြေဆိုနိုင်

တစ်နှစ် CTH Diploma in Hotel Management သင်တန်းမှာ အင်္ဂလန်နိုင်ငံ CTH အသိအမှတ်ပြု ဖြစ်ရာဘာသာရပ် ၁၀ ဘာသာပါဝင် ပြီး တစ်နှစ်တွင် စာမေးပွဲ သုံးကြိမ် ရှိသည်။ စာမေးပွဲများကို ဇန်နဝါရီ၊ ဇွန်နှင့်စက်တင်ဘာလများတွင် ကျင်းပ ပြီး မိမိပိုင်နိုင်သည့် ဘာသာရပ်များကို စိတ်ကြိုက်ဖြေဆိုနိုင်သည်။

ပြည်တွင်း ပြည်ပ အလုပ်အကိုင် ရှာဖွေသူများနှင့် နိုင်ငံတကာပညာရေး ဆက်လက်သင်ကြားလိုသူများအတွက် အင်္ဂလိပ်ဘာသာစကားနှင့်ဂျပန်ဘာသာ စကားသင်တန်းများဖွင့်လှစ်ထားသည်။ သင်တန်းအမျိုးအစားအလိုက်သင်တန်း ကာလ နှစ်လမှ သုံးလအထိဖြစ်သည်။ ကွန်ပျူတာ သင်တန်းများအနေနှင့် Basic & Internet၊ DTP၊ Graphic Design၊ AutoCAD နှင့် ကုမ္ပဏီများ တွင် အလုပ်အကိုင် အမြန်ရရှိနိုင်သည့် Business Computing သင်တန်း များ ပါဝင်သည်။

အခမဲ့ထည့်သွင်းပေး

Asia Masters သည် မြန်မာ နိုင်ငံတွင် ပထမဆုံး ဘက်စုံဖွံ့ဖြိုးရေး သင်တန်းတစ်ခုဖြစ်ပြီး သင်တန်းတစ်ခု တက်ရောက်သူတိုင်းကို အင်္ဂလိပ်/ တရုတ် ဘာသာစကား၊ ကွန်ပျူတာ အခြေခံနှင့်အင်တာနက်၊ ကိုယ်ကာယ အလှသင်တန်း၊ယူနီဖောင်းနှင့်ရန်ကုန်မြို့ တွင်း ဟိုတယ်နှင့်စားသောက်ဆိုင်များ လေ့လာရေးခရီး၊အလုပ်အကိုင်သတင်း အချက်အလက်တို့ကို အခမဲ့ထည့်သွင်း ပေးထားသည်။

စာရင်းပေးသွင်းနိုင်

သင်တန်းများကို မတ် ၄ ရက် တွင် ဖွင့်လှစ်မည်ဖြစ်ပြီး အသေးစိတ် သိလိုပါက ဖုန်း-၃၇၉၃၁၁၊ ၃၉၁၃၇၈ လိုင်းခွဲ-၇၁၅၊ ၇၃၀-၅၀၆၀၃ နှင့် ၇၃၁-၂၁၆၄၃ e-mail အမှတ် kml 1983.a@gmail.com သို့ လည်း ကောင်း၊ Website အမှတ် www.asiamasters.org တွင် လည်းကောင်း စုံစမ်းစာရင်းသွင်းနိုင်ကြောင်း သိရှိရ သည်။ **(သတင်းစဉ်)**

နှစ်ဖက်မိဘများအား အမှူးထား၍ အသောကလမ်း ဘုရင့်နောင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့နေ ဦးငြိမ်း-ဒေါ်အုန်းကြင်မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်လျက်ရှိသော သံဃာဆေးကုသ ဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄ သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မိုင်းဆတ်၌ ဖွင့်လှစ်

မိုင်းဆတ် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း သင်တန်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက် နံနက် ၉ နာရီက မိုင်းဆတ်ခရိုင် မြေစာရင်းဦးစီး ဌာန၌ ကျင်းပရာ ခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးတင်အောင်ကြည်က ၂၀၁၁ ခုနှစ် လယ်ယာသန်းခေါင်စာရင်း ကောက်ယူမည့်လုပ်ငန်း အစီအစဉ်များနှင့်ကောက်ယူ မည့် လယ်ယာသန်းခေါင်စာရင်းပုံစံများကို ရှင်းလင်းတင်ပြသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းသို့ မိုင်းဆတ်၊ မိုင်းတုံမြို့နယ်များနှင့် မိုင်းခုတ်၊ ပုံပါကျင် မြို့နယ်များမှ မြို့နယ်မြေစာရင်းဦးစီးမှူးများနှင့် လက်ထောက်ဦးစီးမှူး၊ မြေတိုင်း စာရေးများ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်ကြာမြင့်ခဲ့ ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဘုရားသုံးဆူ၌ ကတ္တရာလမ်းခင်း

ဘုရားသုံးဆူ ဖေဖော်ဝါရီ ၂၃

ဘုရားသုံးဆူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်း တစ်လျှောက် ကတ္တရာခင်းခြင်းလုပ်ငန်းများဆောင်ရွက်မှုကို မြို့နယ် တာဝန်ခံ ဦးရဲလင်းဦးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်နိုင်ထွန်းတို့ ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

အိမ်တွင်းမှုသက်မွေးပညာ သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး အမှတ် ၁၃၅ ဓမ္မစေတီလမ်းရှိ အိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်း၏ သင်တန်းအပတ်စဉ် (၁/၂၀၁၁) သင်တန်းဆင်းပွဲ ကို ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီကအဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဆင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်း တိုင်းဦးစီးမှူးနှင့် ကျောင်းအုပ်က သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ခဲ့ကြပြီး **(အောက်ပုံ)** သင်တန်းသား ၂၆၂ ဦး သင်တန်းဆင်းပွဲ တက်ရောက်ခဲ့ကြသည်။

ဖွင့်လှစ်မည်

ထို့အပြင် အပတ်စဉ် (၂/၂၀၁၁)ကို ဖေဖော်ဝါရီ ၂၁ ရက်က ဖွင့်လှစ်ခဲ့ပြီး မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ ဇာထိုးပန်းထိုး၊ ဘော်လီ/ဘရာစီယာ၊ ကုတ်အင်္ကျီ၊ ဘောင်းဘီ၊ သိုးမွေး၊ စင်တီမီတာ(စက်ချုပ်)၊ သီးယို/ဆီစိမ်၊ မုန့်မျိုးစုံ၊ မြန်မာအစားအစာ၊ တရုတ်အစားအစာ၊ ပန်းအလှပြင်၊ ပန်းပွင့်ပန်းခိုင် ပြုလုပ်နည်း၊ စက်ကလေးပန်းထိုး၊ စက်ကြီးပန်းထိုးသင်တန်းများ သင်ကြားကာ စနေ၊ တနင်္ဂနွေနေ့ သင်တန်းများကို ဖေဖော်ဝါရီ ၂၆ ရက်တွင် စတင်ဖွင့်လှစ် မည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဂျီအိုင်အက်စ် သင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပထဝီဝင် သတင်းအချက်အလက် စနစ် (Geographic Information Systems - GIS) သင်တန်းကို မတ် ၅၊ ၆၊ ၁၂၊ ၁၃၊ ၁၉ နှင့် ၂၀ ရက် (စနေ၊ တနင်္ဂနွေနေ့)များတွင် နံနက် ၉ နာရီမှညနေ ၄နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် e- Learning Center အဆောင် ၁ အခန်း ၄ ၌ ရက်သတ္တ သုံးပတ်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

လေ့လာခွင့်ရမည်

သင်တန်းတက်ရောက်ခြင်းဖြင့် (Geographic Information System - GIS) နည်းပညာအခြေခံများ သိရှိနားလည်ပြီးသတင်းအချက်အလက် ပြည့်စုံသော ကွန်ပျူတာအသုံးပြုမြေပုံ Digital Map များကို ထုတ်ယူရရှိနိုင် မည်ဖြစ်သည်။ စက္ကူမြေပုံ (Paper Map) များမှတစ်ဆင့် ကွန်ပျူတာ အသုံးပြုမြေပုံ (Digital Map) များ အဖြစ်သို့လည်း ပြောင်းလဲနိုင်သည်။ မြေပုံပေါ်ရှိ မြေမျက်နှာသွင်ပြင်များ၏ Database များကိုလည်း တည်ဆောက် သိမ်းဆည်း ချိတ်ဆက်ပေးထားနိုင် မည်ဖြစ်သည်။ အင်ဂျင်နီယာလုပ်ငန်း များ၊ ပြည်တွင်းပြည်ပကုမ္ပဏီကြီးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရ ဝန်ကြီးဌာန အသီးသီး၊ အစိုးရမဟုတ် သော အဖွဲ့အစည်း (NGO) များတွင် အများဆုံး အသုံးပြုကြသော GIS အသုံးချဆော့ဖ်ဝဲ Arc GIS ကို အချိန် တိုအတွင်း သင်ယူလေ့လာခွင့်ရမည် ဖြစ်သည်။

အစိုးရဌာနများမှ ဝန်ထမ်းများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်း ရှိ အစိုးရမဟုတ်သော အဖွဲ့အစည်း (NGO) များမှ ဝန်ထမ်းများ၊ မြန်မာ နိုင်ငံ ကွန်ပျူတာပညာရှင်အသင်း၊ ဝါသနာရှင်အသင်းတို့မှ အသင်းဝင် များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များ၊ကျောင်းသားကျောင်းသူ များအတွက် သင်တန်းကြေးကို ၂၀ ရာခိုင်နှုန်းလျှော့၍ လက်ခံသွားမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Myanmar Credent Technology အဆောင် ၁ အခန်း ၇ မြန်မာအင်ဖို တက်ခ် ဖုန်း-၆၅၂၂၈၅နှင့် ၆၅၂၂၈၆ မသီတာထွန်းအောင်ထံသို့ အသေးစိတ် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း၊ သင်တန်းသားဦးရေ ၂၀ သာ လက်ခံ သင်ကြားမည်ဖြစ်သဖြင့် သင်တန်း တက်ရောက်လိုသူများသည် မတ်၄ရက် နောက်ဆုံးထားပြီး စာရင်းပေးသွင်းနိုင် ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်

လှိုင်ကော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိမင်္ဂလာဈေး မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၃ ရက်က ဈေးအရန်မီးသတ် တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်ရေးလေ့ကျင့်နေမှုကို အမှုဆောင်အရာရှိ ဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အမှတ်(၁)ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုကို ဖေဖော်ဝါရီ ၁၁ ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ အင်ဂျင်နီယာမှူး ဦးကျုံးလုံဖိုင်း၊ မြို့နယ်လျှပ်စစ် အင်ဂျင်နီယာ ဦးကျော်ကျော်လွင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးညီညီဝင်းတို့ စစ်ဆေးစဉ်။ (၀၆၆)

လပွတ္တာမြို့နယ် မြို့မဈေးတွင် ဖေဖော်ဝါရီ ၁၄ ရက်က မီးဘေးကြိုတင် ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်ခြင်း သရုပ်ပြလေ့ကျင့်မှုကို ဧရာဝတီတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မော်လမြိုင်ကျွန်းမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၂၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးဌေးမောင်၊ အတွင်းရေးမှူး ဦးအောင်ဝင်း နှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးသန်းဇော်လွင်တို့ ဦးဆောင်၍ မြို့နယ်စည်ပင် သာယာ ရေးဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များပါဝင်လျက် မီးငြိမ်းသတ် ရေး လက်တွေ့သရုပ်ပြသကြစဉ်။ (၀၆၅)

အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းလျားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဖွင့်လှစ်ခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်း တက်ရောက် အမှာစကားပြောကြားပြီး ကျောင်းအတွက် ကွန်ပျူတာတစ်စုံ၊ သွပ်၊ သွပ်ရိုက်သံ၊ ရေဒီယိုကက်ဆက်နှင့် အားကစားပစ္စည်းများကို ပေးအပ်သည်။

ပေးအပ်

ထို့နောက် ဘုရားကုန်း-ရေကျော်ချောင်းတံတားကို ကြည့်ရှုစစ်ဆေးပြီး ငါးသိုင်းချောင်းမြို့နယ် ကမ်းနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်ခြင်းအခမ်းအနားသို့ တက်ရောက်ကာ ကျောင်းအတွက် ကွန်ပျူတာတစ်စုံနှင့် အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီသင်တန်း တက်ရောက်ခွင့်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

အခြေခံပညာကျောင်းများမှ(Grade 1 မှ Grade 9)အတွင်းရှိ ကျောင်းသားကျောင်းသူများ Summer School ကို မိမိပင်ကိုအရည်အချင်းနှင့် တက်ရောက်နိုင်ရန် MAY Int'l School က ပြိုင်ပွဲများ ကျင်းပပြီး ကျောင်းလခကင်းလွတ်ခွင့်များဖြင့် တက်ရောက်ခွင့်ပေးသွားမည်ဖြစ်သည်။

ကျင်းပမည့် ပြိုင်ပွဲများမှာ အင်္ဂလိပ်စကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် အင်္ဂလိပ်စာဖတ်ပြိုင်ပွဲ၊ အင်္ဂလိပ်စာ အရေးအသား စွမ်းရည်ပြိုင်ပွဲနှင့် အင်္ဂလိပ်သီချင်းဆို ပြိုင်ပွဲတို့ဖြစ်သည်။ အဆိုပါပြိုင်ပွဲများကို Grade အလိုက် Group - 1 ၆နှစ်မှ ၈နှစ်၊ Group - 2 ၉နှစ်မှ ၁၁နှစ်နှင့် Group - 3 ၁၂ နှစ်မှ ၁၄ နှစ်ဟူ၍ သတ်မှတ်ထားသည်။ ရရှိမည့်ဆုများမှာ မတ်လတွင် ဖွင့်လှစ်မည့် MAY Int'l School ၏ Summer School တက်ရောက်ခွင့် ဆုများဖြစ်ပြီး Group တစ်ခုချင်းစီအတွက် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုနှစ်ဆုဖြစ်ကာ Group သုံးခုအတွက် စုစုပေါင်း ၁၅ ဆုပေးအပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုပါက MAY Int'l School တွင် လျှောက်ထားနိုင်သည်။

MAY Int'l School ၏ Summer School ကို တနင်္လာမှ သောကြာ(နံနက် ၉ နာရီ မှ ညနေ ၃ နာရီ)အထိ အချိန်ပြည့်သင်တန်း၊ တနင်္လာမှ သောကြာ (နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ) အထိ အချိန်ပိုင်း သင်တန်းနှင့် စနေ၊ တနင်္ဂနွေ English Grammar & Speaking သင်တန်းတို့ကို တက်ရောက်ရမည် ဖြစ်သည်။ အချိန်ပြည့်သင်တန်းတွင် နိုင်ငံတကာ အသိအမှတ်ပြု K-12 (English & Math) သင်ရိုးညွှန်းတမ်းနှင့် Computer, Science & General Knowledge, History , Health Education, Physical Education, Music & Dance, Sport, Excursion short trip တို့ကိုလည်းကောင်း၊ အချိန်ပိုင်းသင်တန်းတွင် Cambridge, JET SET Exam Preparation Course တို့ကိုလည်းကောင်း သင်ကြားပေးမည်ဖြစ်သည်။

အသေးစိတ်ကို MAY Int'l School အမှတ် ၉၁-က ဗညားဒလလမ်း သျှင်ပါကူဆေးခန်းအနီး ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၄၄၂၂၄ နှင့် ၅၄၅၃၇၅ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

ကျိုင်းတုံအမျိုးသမီးသက်မွေးပညာသင်ကျောင်း ဘက်စုံပြိုင်ပွဲကျင်းပ

ကျိုင်းတုံ ဖေဖော်ဝါရီ ၂၃

ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေး အတတ်ပညာသင်ကျောင်း၌ အားကစားပြိုင်ပွဲ၊ လက်မှုပညာစွမ်းရည်ပြိုင်ပွဲ၊ ရိုးရာပဒေသာကပွဲနှင့်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ကျင်းပရာ **(အပေါ်ပုံ)** ပြိုင်ပွဲတွင် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

လက်ခံယူ

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်၊ အဖွဲ့ဝင် ဒေါ်ခင်သန်းနွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်ရီတို့က အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်မြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

မိုးကောင်းမြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်

မိုးကောင်း ဖေဖော်ဝါရီ ၂၃

မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော ပင်းဘောရွာလယ်ကျောက်ချောလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီခွဲက အဆိုပါ လမ်းသစ်ဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ ကချင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်၊ မိုးကောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အိအိရွှေနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်ညွန့်တို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောက်ချောလမ်းမှာ အရှည် ပေ ၁၇၂၀၊ အကျယ် ၁၂ပေ ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့ စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာကောင်းရေးအတွက် မြို့ပေါ်ရှိ Pipe Culvert များအတွင်း နုန်း၊ သဲတူးဖော်ခြင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၂ရက်က မြို့နယ်တာဝန်ခံ ဦးစိုးဝဏ္ဏဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ရွှေလေတံခွန်ခရီးသွားလုပ်ငန်း ညောင်ဦးခရိုင်၌ အလှူငွေများလှူဒါန်း

ညောင်ဦး ဖေဖော်ဝါရီ ၂၃

ညောင်ဦးခရိုင်တွင် ရွှေလေတံခွန် ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်က ဆောင်ရွက်သော Balloons Over Bagan မီးပုံးပျံ ပျံသန်းမှုလုပ်ငန်း၏ ၂၀၁၀-၂၀၁၁ ခရီးသွားလုပ်ငန်းရာသီကာလ အလှူငွေများပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက်က ညောင်ဦးမြို့နယ် Golden Express Hotel ၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် ရွှေလေတံခွန် ခရီးသွားကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာဒေါ်ခင်ဥမ္မာဝင်းနှင့်ဒါရိုက်တာ ဒေါ်ခင်စန်းဝင်းတို့က သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စာသင်ကျောင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းပြီး**(အပေါ်ပုံ)** ညောင်ဦးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးရန်လင်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါ ရွှေလေတံခွန် ခရီးသွားလုပ်ငန်း ကုမ္ပဏီလီမိတက်က ပေးအပ်လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၇၀ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိုင်တီနည်းပညာ အခြေခံသင်တန်းများဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယခုအခါတွင် အရွယ်သုံးပါးမရွေး အင်တာနက်နှင့် အိုင်တီနည်းပညာများကို အသုံးပြုလာကြပြီး နေအိမ်များတွင်သာမက မိမိ၏ လက်ကိုင်ဖုန်းများတွင်ပါ အင်တာနက်များ ချိတ်ဆက်အသုံးပြုလာနိုင်ပြီဖြစ်သောကြောင့် အိုင်တီပညာရပ်၏ များစွာ အသုံးဝင်မှုကို လူတိုင်းသိရှိနေပြီ ဖြစ်သည်။ Myanmar WWW Institute (M3WI) က မတ်လဆန်းတွင် နွေရာသီ အိုင်တီအခြေခံသင်တန်းများကို ဖွင့်လှစ်ပေးမည်ဖြစ်ပြီး အသက် ၁၁နှစ်အရွယ် ကျောင်းသားကျောင်းသူများမှ စတင်၍ တက်ရောက်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ယင်းနွေရာသီ အိုင်တီအခြေခံသင်တန်းတွင် ကလေးတို့ အထူးတလည် စိတ်ဝင်စားနိုင်ပြီး ဖန်တီးစိတ်ကူးဉာဏ် အားကောင်းစေမည့် Photoshop ဖြင့် ဂရပ်ဖစ်ဒီဇိုင်းပုံများ ဖန်တီးနည်း၊ Microsoft Windows စနစ်ကို ကျွမ်းကျင်စွာ အသုံးပြုနည်း၊ အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် စာရိုက်နည်း၊ ရုံးပိုင်းဆိုင်ရာလုပ်ငန်းများအတွက် Microsoft Word စနစ်တကျ အသုံးပြုနည်း၊ Presentation များကို ကိုယ်တိုင်ကျွမ်းကျင်စွာ ပြုလုပ်တတ်စေရန်သာမက လူအများအလယ်တွင် ရဲဝံ့စွာ Presentation ပြုလုပ်နိုင်စေရန် Microsoft Power Point အသုံးပြုနည်း၊ အင်တာနက်၊ အီးမေးလ် အသုံးပြုနည်းစသည်တို့အား သင်ယူရမည်ဖြစ်သည်။ သင်တန်းချိန်မှာ တစ်ပတ်လျှင် လေးရက် (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ) တစ်ချိန်နှင့် တစ်ပတ်လျှင် နှစ်ရက်(အင်္ဂါ၊ ကြာသပတေး)တစ်ချိန် ရှိပြီး မိမိနှင့် အဆင်ပြေမည့်အချိန်ကို ရွေးချယ်တက်ရောက်နိုင်ကြောင်း သိရသည်။

တန်းခွဲတစ်ခုလျှင် သင်တန်းသား ၁၀ ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ကြိုတင်စာရင်းပေးသွင်းကြရမည် ဖြစ်သည်။ အဆိုပါသင်တန်းများကို Myanmar WWW Institute (M3WI) သင်တန်းတည်ရှိရာ အဆောင် ၅ အခန်း ၄ မြန်မာအင်ဖိုတက်ခ် လှိုင် တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၈၈၊ ၅၂၁၁၂၅ နှင့် ၆၅၂၂၅၈တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(သောကြာနေ့-နံနက်+နေ့လယ်+ည)

၂၅-၂-၂၀၁၁

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် **(မင်္ဂလသုတ်)**
၇း၃၀ ဓမ္မပူဇာတေးပဒေသာ
၇း၃၅ (၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၁၀း၀၀ သောတရှင်လိုရာတေး
၁၀း၃၀ သတင်းစာအာဘော်
၁၀း၄၀ တူယှဉ်သီကြွေးစုံတွဲတေး
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀ လေလှိုင်းကြားကပွဲတင်သံ
၁၁း၄၅ နေ့လယ်ခင်းတေးပဒေသာ
၁၂း၀၀ စံတော်ချိန် ဆိုကြပျော်ရွှင်တေးသံစဉ် (Intermediate Level)
၁၂း၃၀ အလုပ်အကိုင်အခွင့်အလမ်း (ပြည်ထဲရေး) နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း နေ့လယ်ခင်းတေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ စစ်သည်အတွက် တေးလက်ဆောင်
၁၇း၀၀ တေးပဒေသာ
၁၇း၁၅ ပြောပါရစေရှင် (သားတို့ရုပ်ရည်) တေးပဒေသာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၅ ရင်ခုန်စီးဆင်း အနုပညာသတင်း (၃၀)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ လူမှုစာနာပြန်ကြားလွှာ
၁၈း၂၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၄၅ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ ညချမ်းချိန်ခါတေးပဒေသာ
၁၉း၂၅ ဇာတ်လမ်းပမာနားဆင်စရာ **နှင်းပွင့်သစ္စာ**
၁၉း၄၅ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ အနုအလှအစုံစုံ သူ့ဘဝအဖုံဖုံ (အကယ်ဒမီနွဲ့နွဲ့စန်း) စီးပွားရေးဦးတည်ချက် တေးပဒေသာ
၂၁း၀၀ ဆောင်းပါး (ငွေရေးကြေးရေး)
၂၁း၀၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁း၃၅ ညချမ်းချိန်ခါတေးပဒေသာ
၂၂း၀၀ အစီအစဉ်ပြီး၏။

24-2 (06).pmd 1 2/24/2011, 1:59 AM

ရတနာပုံမြို့သစ်စီမံကိန်း ဝန်ကြီးဦးသိန်းဇော် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဖေဖော်ဝါရီ ၂၀ရက်က မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့အနီးရှိ ရတနာပုံမြို့သစ် ရတနာပုံတယ်လီပို့အဆောက်အအုံ၌ တပ်ဆင်ထားရှိသည့် Convergence BILLING CENTRE (တယ်လီဖုန်းများ၏ ပြောဆိုခကို စုစည်းငွေကောက်ခံသည့်စနစ်) စက်ခန်း၌ စက်ပစ္စည်းများ တပ်ဆင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ SOFT SWITCH ROOM ၊ ISP DATA CENTRE စက်ခန်းနှင့် YATANAPON WEBPORTAL CONTROL စခန်းတို့ကို လည်းကောင်း၊ NETWORK OPERATING CENTRE နှင့် IPTV ROOM တို့ကိုလည်းကောင်း၊ DATA CENTRE တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် YATANAPON FIBER OPTICAL FACTORY ၌ ကေဘယ်လ်ထုတ်လုပ်မှု အခြေအနေနှင့် ထုတ်လုပ်ပြီး ကေဘယ်လ်များကိုလည်းကောင်း၊ ASIA MEGA LINK စက်ရုံ၌ မိုဘိုင်းလ်စက်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုနှင့် PREPAID CARD များ ထုတ်လုပ်မှုကိုလည်းကောင်း၊ မြောက်ပိုင်းအိမ်ရာစီမံကိန်း၌ အိမ်ရာများ ဆောက်လုပ်ထားရှိမှု၊ စီမံကိန်းမြေယာတွင် မြေယာများ တိုးချဲ့ရှင်းလင်းထားရှိမှုနှင့် လမ်းသစ်များထပ်မံဖောက်လုပ်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူပွဲ သံတွဲမြို့ ရွှေလှေကျေးရွာ၌ ကျင်းပ

သံတွဲ ဖေဖော်ဝါရီ ၂၃

သံတွဲမြို့နယ် ရွှေလှေကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၏ ပညာရည်ချွန် ထူးချွန်ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၁ နာရီက အဆိုပါခန်းမ၌ကျင်းပရာ ရှေးဦးစွာ သံတွဲခရိုင်ဥက္ကဋ္ဌ ဦးထွန်းဝေက အမှာစကားပြောကြားပြီးနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီမြင့်က ရွှေလှေအခြေခံပညာ အထက်တန်းကျောင်း သမိုင်းကြောင်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦးအတွက် ငါးမူးသား ရွှေမောင်းလည်ဆွဲတစ်ခု၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးအတွက် ငွေကျပ်ခြောက်သောင်း၊ တစ်ဘာသာဂုဏ်ထူးရှင် ခြောက်ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းစီ၊ ရိုးရိုးအောင်မြင်သူ ကျောင်းသား ကျောင်းသူ ခုနစ်ဦးအတွက် တစ်ဦးလျှင်ငွေကျပ်နှစ်သောင်းစီကို တောင်ကုတ်မြို့နယ်မှ လုပ်ငန်းရှင် ဦးမြင့်သောင်းကပေးအပ်ချီးမြှင့်သည်။

လက်ခံယူ

ဆက်လက်၍ ရွှေလှေအခြေခံပညာ အထက်တန်းကျောင်း၏ ငွေပဒေသာပင်အတွက် တောင်ကုတ်မြို့နယ်မှ လုပ်ငန်းရှင် ဦးမြင့်သောင်းက ငွေကျပ် ၂၅ သိန်းကိုလည်းကောင်း၊ လုပ်ငန်းရှင် ဦးထွန်းလှိုင်က ငွေကျပ် တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီမြင့်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (ပညာရေး)

စစ်တွေမြို့နယ် ပလ္လင်ပြင်ကျေးလက်လမ်းပေါ်ရှိ မှန်စီချောင်းသစ်သားတံတားကြွခိုင်မှုကို ဖေဖော်ဝါရီ ၁၈ ရက်က ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်၊ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးထွန်းဝေတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်နုနှင့် အင်ဂျင်နီယာမှူး ဦးအောင်သန်းတို့ ရှင်းလင်းတင်ပြကြစဉ်။
(မြို့နယ်စည်ပင်)

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၇)၊ အမှတ်(၈)တွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို ခွင့်ပြုသက်တမ်းကာလအတွင်း နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်း မပြုဟု အာမခံကြောင်း အထူးစက်မှုဇုန်ဥပဒေတွင် အတိအလင်းဖော်ပြ၊ ဒိန်းမတ်ရေလုပ်ငန်းရှင်များ လက်ခပေးစနစ်ဖြင့် ငါးအသားလွှာလုပ်ငန်း မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်မည်၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းများ တရုတ်ကုမ္ပဏီတစ်ခုလုပ်ကိုင်ခွင့်ရ၊ ငါးသိန်းတန်ဂျီအက်စ်အမ် အင်တာနက်ဝန်ဆောင်မှု နေပြည်တော်တွင်သာ အသုံးပြုခွင့်ပေးထားဦးမည်၊ စည်းကမ်းမဲ့မော်တော်ဆိုင်ကယ်နှင့် လုပ်ငန်းသုံးယာဉ်များကြောင့် နေပြည်တော်တွင် ခရီးသွားမော်တော်ယာဉ်များ ယာဉ်အန္တရာယ်စိုးရိမ်နေရ၊ ခြေပုပ်လက်ပုပ်ရောဂါ အမျိုးသမီးများတွင် ဖြစ်ပွားလာ ကျန်းမာရေးဆောင်းပါး၊ ဘုရင့်နောင်နှင့် မန္တလေးကုန်စည်ဈေးကွက်သတင်းများ၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ ပြည်ပဖျော်ဖြေပွဲနှင့် အနုပညာရှင်များအမြင်၊ ကိုရီးယားက အနုပညာရှင်တွေ တော်တော်လေး စည်းကမ်းရှိကြတယ် အောင်ကိုလတ်နှင့် လိုတိုဇျူးစသည့် ကဏ္ဍစုံလင်စွာပါရှိသည်။

တရုတ်သည် ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်လာ၊ အိမ်တွင် အသုံးပြုသော ထင်း၊ ဓာတ်ဆီမှထွက်သည့် ကာဗွန်မိုနောက်ဆိုက်က လူသတ်တရားခံဖြစ်ကြောင်းတွေ့ရှိ၊ အရောင်ပြောင်းသွားသည့် ဗင်ဂိုး၏ ပန်းချီကားများကို သိပ္ပံပညာရှင်တို့လေ့လာ၊ မှုခင်းရေးရာကဏ္ဍ၊ မွေးနေ့ရှင်အဆိုအမိန့်၊ နိုင်ငံရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ နည်းပညာကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။ **(သတင်းစဉ်)**

မော်လမြိုင်အသင်း (ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မော်လမြိုင်အသင်း (ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို မတ်၂၇ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် မော်လမြိုင်ဓမ္မာရုံ ရွှေတိဂုံစေတီ အနောက်ဘက်မုခ် အောက်ပစ္စယာ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မော်လမြိုင်ဒေသ နယ်သူနယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်၈၀ ပြည့်ပြီးသော အသင်းဝင်များစာရင်း၊ ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ အမည်စာရင်းကို ဥက္ကဋ္ဌ ဦးမောင်သန်း ဖုန်း-၅၅၇၂၇၈၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးစိုး ဖုန်း-၅၃၇၂၈၈၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်း ဖုန်း-၃၈၅၉၅၆၊ ဘဏ္ဍာရေးမှူး ဦးကျော်မင်း ဖုန်း-၂၉၃၆၈၃၊ စည်းရုံးရေးမှူး ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁နှင့် ဓမ္မာရုံ ဖုန်း-၃၇၅၇၂၃ တို့ထံသို့ မတ် ၂၀ ရက် နောက်ဆုံးထား၍ ပေးပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တနင်္သာရီမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်များ ပျိုးထောင်နေမှုကို ဖေဖော်ဝါရီ ၁၅ရက်က အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆရာဝန် ဖြစ်ရကျိုးနပ်ပြီ ကျန်းမာရေးပညာပေးစာအုပ်ထွက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး၊ ဆေးတက္ကသိုလ် (၁) ရန်ကုန် သားဖွားမီးယပ်ပညာဌာန၌ သားဖွားမီးယပ် ဆရာဝန်ကြီးအဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသော တွဲဖက်ပါမောက္ခ ဒေါက်တာစိုးလွင်သည် ၎င်း၏(၁၃)အုပ်မြောက် လုံးချင်းစာအုပ်အဖြစ် ဆရာဝန် ဖြစ်ရကျိုးနပ်ပြီနှင့် ဆေးလောက ဇာတ်ခုံပေါ်က လူနာမျိုးစုံ ဇာတ်လမ်းအဖုံဖုံစာအုပ်ကို မတ်၅ရက် (စနေနေ့) မွန်းလွဲ ၂နာရီမှ ညနေ၄နာရီအထိ စာပေလောက-၅ (ပန်းဆိုးတန်းလမ်းအလယ်) စာအုပ်အရောင်းဆိုင်၌ လက်မှတ်ရေးထိုးရောင်းချပွဲ ပြုလုပ်မည်ဖြစ်သည်။



မီးယပ်နှင့် သားဖွားဆိုင်ရာ ကျန်းမာရေးပညာပေးဆောင်းပါး ၂၇ ပုဒ် ပါဝင်သည်။

လူနာကိုအိမ်ပြန်ခေါ်သွားပါရစေ ဆရာဆိုသော ဆောင်းပါးတွင် မသိနားမလည်သောမိဘတို့၏ စိုးရိမ်စိတ်နှင့် ပတ်သက်၍ ခြယ်မှုန်းရေးဖွဲ့ပြထားသည်။ အချင်းက သားအိမ်ခေါင်းအဝတွင် အရင်ဦးစွာရောက်နေသည့်အခါ ဖြစ်ပေါ်လာနိုင်သော ဆိုးကျိုးတို့အကြောင်းကို ကံကောင်းလို့မသေ သံချောင်းတို့အမေ ဆောင်းပါး၌ ထဲထဲဝင်ဝင် ရေးပြထားလေသည်။ ကိုယ်ဝန်ဆိပ်တက်ခြင်း၊ နေရာလွဲသန္ဓေသား ဘီဝမ်းဓာတ်ချို့တည့်သည့်ကိစ္စ၊ သားအိမ်ကင်ဆာ၊ သားကြောဖြတ်ခြင်း၊ ဓာတ်ကင်ခြင်း၊ ကိုယ်ဝန်ဆောင်သွေးတိုးရောဂါ၊စပျစ်သီးသန္ဓေအကြောင်း၊ အသက်ကြီးမှ ကိုယ်ဝန်ရခြင်း၊ အရပ်လက်သည်နှင့် မွေးဖွားခြင်း သားသမီးလိုချင်သည့် ပြဿနာအစရှိသော အမျိုးသမီးတိုင်း သိထားသင့်သည့် ကျန်းမာရေး ဗဟုသုတတို့ကို ဘက်စုံထောင့်စုံမှ တင်ပြပေးထားသည်။

ဤစာအုပ်ကို စိုးဇင်စာပေက ထုတ်ဝေပြီး စာပေလောက-၅ စာအုပ်ဆိုင် ကျော်ဟုမ်းမတ် အပေါ်ထပ် ပန်းဆိုးတန်းလမ်းနှင့်မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၁၈၁၇ က တန်ဖိုး ငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

သာကေတမြို့နယ် အမက(၉) ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၉ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုနှင့် အလက(၂) သာကေတကျောင်း ပဉ္စမတန်းတွင် မြို့နယ် ဘက်စုံပထမရရှိသူ မမြတ်ခိုင်ခိုင်ဖြိုးအား မြို့နယ်ပညာရေးမှူး ဒေါ်ခင်မြင့်ရီ ဆုချီးမြှင့်ပေးစဉ်။
(ပညာရေး)

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိ အမြဲရှိ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဉ္စာန်းပါဠိတော်+ဇေဂ္ဂသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **ပဋ္ဌာန်းဝိပဿနာ** တရားတော် (ဆရာတော် ဘဒ္ဒန္တဝိလာသ)
၆:၄၀ ဖူးမြော်ပူဇော် မြသလွန်စေတီတော်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၄)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၁)
၈:၃၅ မြတ်ဒါနနှင့် ပညာကုသိုလ်
၈:၅၀ မွန်မြတ်ကုသိုလ်မျှဝေလို ရှက်ဆောင်ကြီးပမ်း ပရဟိတလုပ်ငန်း
၉:၀၀ မုံရွာမြို့ မဟာလယ်တီဓမ္မေသက သီလရှင်စာသင်တိုက်နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်ပွဲ
၉:၂၅ Science for All (ကမ္ဘာမြေကိုကယ်တင်စို့)(အပိုင်း-၃) (သိပ္ပံစာရေးဆရာ ကိုကိုအောင်၊ ကျော်သူလင်း)
၉:၄၅ ရန်ကုန်မြင်ကွင်းကျယ် [D & D Group Co.,Ltd.၏ (၅)နှစ်မြောက် ကုမ္ပဏီ နှစ်ပတ်လည် ညစာစားပွဲ]
၁၀:၀၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **၃+၄= အချစ်**
၁၀:၂၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၅၅ The Champion of Dance
၁၁:၄၀ MRTV-4 ကာတွန်းအစီအစဉ်
၁၂:၀၀ JICA Myanmar ၏ မေတ္တာ ကွန်ရက်များဆီသို့.... (ကလေးဇဟိုပြုချဉ်းကပ်သင်ယူမှု မြင့်တင်ဆောင်ရွက်ရေးစီမံချက်)
၁၂:၂၀ ကျန်းမာရေးအတွက် ALPHA ရေနွေးချိုးစက်
၁၂:၄၅ သီရိမင်္ဂလာကြခတ်ဝိုင်းဆရာတော် သာဓုကီဠနအန္တိမဈာပန ပူဇာသဘင် နှင့် သရီရဓာတုပဝါဟန ပူဇာသဘင်
၁:၀၀ **ပဋ္ဌာန်းဝိပဿနာ** တရားတော် (ဆရာတော် ဘဒ္ဒန္တဝိလာသ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (ပြေတီဦးပညာရေးဖောင်ဒေးရှင်းသို့ GARNIER မှ လှူဒါန်းငွေ ပေးအပ်ပွဲအခမ်းအနား)
၂:၄၀ ခံစားချက်တို့ ပေါင်းစုံရာ··· ငပလီကမ်းခြေသာ
၃:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Gemron GOLD ဆေးပစ္စည်း သစ်မိတ်ဆက်ပွဲနှင့် အသည်း ရောဂါအကြောင်း ဟောပြောပွဲ)
၃:၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်**(အပိုင်း-၂၄)
၄:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၁)
၅:၀၀ ဓာတ်ပုံထဲမှ အမှတ်တရများ (ဟက်ကက်)
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ လှပသစ်ဆန်းအလှပြင်ခန်း (HandSome အမျိုးသားအဆင့်မြင့် Hair Dressing Saloon)
၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၂၅)
၇:၁၅ Style ရှိမှ Star ဖြစ်မယ်
၈:၀၀ MRTV-4 သတင်း
၈:၃၀ ပကတိအတိုင်း
၈:၅၀ စကားနပန်း **ပူတာကောင်းတယ်၊ အေးတာကောင်းတယ်**
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၄၂)
၁၀:၀၅ အားကစားမြင်ကွင်းစုံ Man U အကြောင်း ပြောကြားသူများ (ပိုင်ဇေရဲထွန်း၊ ဖိုးချစ်၊ ဝေမင်းမောင်)
၁၀:၃၀ ပြီးပြည့်စုံခြင်းများနှင့် Reto Coffee Machine
၁၀:၅၀ အနုပညာမိုးကောင်းကင်
၁၁:၀၅ ဂီတသရုပ်ပြခန်း (အိန်အိန်- မတူညီတဲ့ရောစပ်ခြင်း)
၁၁:၃၀ လွယ်ကူမြန်ဆန်စေရာ··· စံမြန်မာ
၁၁:၄၅ သင်ယူလေ့လာဂီတပညာ (Cycle of Fifths) (Part-11)
၁၂:၀၀ စားဖွယ်အဖုံဖုံ မုန့်မျိုးစုံ (ကလေးတို့အကြိုက် ဂျယ်လီပြုလုပ်နည်း)
၁၂:၀၅ ဆေးပညာရှင်များနှင့်ပြည့်စုံသော ချိန်းဆိုတွေ့ဆုံမှု (ပါမောက္ခ ဒေါက်တာ မြင့်မောင်မောင်)
၁၂:၃၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ရော်ဘာ၊ ပုလော၊ သဘော်၊ ငှက်ပျောစိုက်ပျိုးရေးလုပ်ငန်းများ)
၁:၀၀ ကံကောင်းခြင်းတွေဝေဆာမည့် မန္တလာမြေမှ Lucky Home
၁:၂၅ စိုက်ပျိုးအောင်မြင်··· စပ်ခရမ်းချဉ်
၁:၃၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
၂:၀၀ နှလုံးသားရဲ့ ခံစားမှုတိုင်းကို မှတ်တမ်းတင်မယ့် 7 Picture
၂:၂၅ Celebrity Profile (Jet Li)
၂:၅၀ မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)
၃:၁၀ ကဏ္ဍစုံလင်အားကစား အစီအစဉ်
၄:၁၀ အသုံးဝင်မှုများစွာနှင့် ရေကြောင်းသုံး GPS
၄:၃၀ မဇ္ဈိမဂုဏ်ရည်မဟာစည် သာသနာ့ရိပ်သာ
၄:၄၅ သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် ပြည်ရွှေဆံတော်
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO က အဓိက ကူညီပံ့ပိုးသော ၂၀၁၁ ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီး ရိုက်ပြိုင်ပွဲများကို မတ် ၅ ရက်တွင် မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ် ၌လည်းကောင်း၊ မတ် ၁၃ ရက်တွင် ပုသိမ်မြို့ ဧရာဝတီဂေါက်ကလပ်၌ လည်းကောင်း၊ မတ် ၂၀ ရက်တွင် ပဲခူးမြို့ ဟံသာဝတီ ဂေါက်ကလပ်၌ လည်းကောင်း၊ မတ် ၂၆ ရက်တွင် မုံရွာမြို့ မုံရွာဂေါက်ကလပ်၌ လည်းကောင်း၊ ဧပြီ ၁ ရက်တွင် မြစ်ကြီးနားမြို့ Northern Star Golf Club ၌လည်းကောင်း၊ ဧပြီ ၅ ရက်တွင် မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကလပ်၌လည်းကောင်း ကျင်းပကြမည်ဖြစ်ပြီး နောက်ဆုံး ဗိုလ်လုပွဲစဉ်ကို ဧပြီ ၇ ရက်နှင့် ၈ ရက်တို့၌ မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကလေးမြို့နယ် စံပြလမ်း ကတ္တရာလမ်းသစ် ခင်းခြင်း ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၈ ရက်က အမှုဆောင်အရာရှိ ဦးလင်းထွဋ်နှင့် အင်ဂျင်နီယာမှူး ဦးဌေးဝင်းတို့ ကွင်းဆင်း စစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးမျိုးမင်းစိုး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော စုပေါင်းထမနဲထိုးပြိုင်ပွဲတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော သည် ဖေဖော်ဝါရီ ၁၇ ရက်တွင် လားရှိုးမြို့၌ ကျင်းပသော မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ဆုရရှိကြသော အသင်းများအား ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့် သည်။ **(ယာပုံ)** တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၈ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားရုံ၌ ကျင်းပသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း/ရေ/လေ) အမျိုးသား အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ်(၂)စက်မှုဝန်ကြီး ဦးစိုးသိန်းအား ကိုရီးယားသမ္မတနိုင်ငံဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသိန်းအား တာဝန်များပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(Korea International Cooperation Agency-KOICA) မှ ဌာနေကိုယ်စားလှယ် Ms.Kim, Jin-Hwa နှင့် ဌာနေကိုယ်စားလှယ်အဖြစ် စတင်တာဝန်ထမ်းဆောင်မည့် Ms.Kim, Tae-Eun တို့သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ဆွေးနွေး

ထိုသို့ တွေ့ဆုံရာတွင် ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ(KOICA) ၏ အထောက်အပံ့ဖြင့် ဖွင့်လှစ်ထား သည့် စက်မှု သင်တန်းကျောင်း (သာဂရ)အတွက် ဆက်လက်၍ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်နှင့် တည်ဆောက်လျက် ရှိသော စက်မှုသင်တန်းကျောင်း (မကွေး)ကို ၂၀၁၁ခုနှစ် မေလတွင် လွှဲပြောင်းလက်ခံဖွင့်လှစ်နိုင်ရေးတို့ အတွက်လုပ်ငန်းစဉ်များကို ဆွေးနွေး ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို)၏ ဖေဖော်ဝါရီလ ဂေါက်သီး ရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီတွင် တောင်ဥက္ကလာပ ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင် ကြောင်း သိရှိရသည်။ **(ဆရာဝန်အသင်း)**

ကြိုဆိုနှုတ်ဆက်

ဖေဖော်ဝါရီ ၂၃ ရက်က ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသော ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၏ (၂၇)နှစ်မြောက် အမျိုးသား နေ့ အထိမ်းအမှတ်ဧည့်ခံပွဲသို့ တက်ရောက်လာသော ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းအား ပြည်ထောင်စုမြန်မာ နိုင်ငံတော်ဆိုင်ရာ ဘရူနိုင်းဒါရုဆလမ်နိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mrs. Fadzllyani binti Haji Annuar ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

တစ်ပြည်လုံးသာယာမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲ နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ရခိုင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၇ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ဒီဂရီစင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဖေဖော်ဝါရီ ၂၄ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၇-၂-၂၀၁၁)ရက်နေ့

၂၀၁၁ခုနှစ် မတ်လ အတွက်

(၁၃-၃-၂၀၁၁)ရက်နေ့ နှင့် (၂၇-၃-၂၀၁၁)ရက်နေ့

စပီရူလိုင်းနားအကြောင်း သိကောင်းစရာများ

စိုးစိုးအေး(စက်မှူး၊ ဆေးဝါးစားကုန်)

သဘာဝအစားအစာများတွင်ပါဝင်သော ဗီတာမင်နှင့် သတ္တုဓာတ်မျိုးစုံတို့သည် လူတို့ဖန်တီးပြုလုပ်ထားသော ဗီတာမင်နှင့် သတ္တုဓာတ်မျိုးစုံ ပါဝင်သည့် အားဆေးမျိုးစုံတို့ထက် မယှဉ်သာလောက်အောင် ပိုမိုကောင်းမွန်ကြောင်း သိပ္ပံပညာရှင်များက သုတေသနပြုလုပ် တွေ့ရှိချက်များအရ လက်ခံထားကြပါသည်။

အဏုဇီဝပင်တစ်မျိုးဖြစ်သော စပီရူလိုင်းနားကို ၁၉၆၇ ခုနှစ်မှစ၍ ဥရောပ သိပ္ပံပညာရှင်များ ဦးဆောင်ပြီး သုတေသနများဆောင်ရွက်ခဲ့ပါသည်။ အာဖရိက၊ ချဒ်နိုင်ငံနှင့် မက္ကဆီကိုနိုင်ငံတို့တွင် ဒေသခံများစားသုံးနေသော စပီရူလိုင်းနားသည် ပရိုတင်း၊ ဗီတာမင်၊ သတ္တုဓာတ်စသည့် အာဟာရဓာတ်ကြွယ်ဝသော အဏုဇီဝအစားအစာတစ်ခုဖြစ်ကြောင်း ဘယ်လ်ဂျီယံ ပညာရှင်တစ်ဦးက ဖော်ထုတ်တွေ့ရှိခဲ့ပါသည်။ ခေတ်မီနည်းပညာဖြင့် စပီရူလိုင်းနားထုတ်လုပ်သုံးစွဲမှုလုပ်ငန်းကို မက္ကဆီကိုနိုင်ငံ၌ ၁၉၇၀ ပြည့်နှစ်တွင် စတင်ဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သဘာဝ၏ လက်ဆောင်မွန်ဖြစ်သည့် စပီရူလိုင်းနားများကို စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် တွင်းတောင်အင်း၊ စစ်ကိုင်းမြို့နယ် ရေခါးအင်း၊ ကနီမြို့နယ် တောင်ပျောက်အင်းနှင့် တွင်းမအင်း တို့တွင် သဘာဝအလျောက်ပေါက်ပွားနေသည်ကို သုတေသီတစ်ဦးဖြစ်သူ မော်လမြိုင်တက္ကသိုလ် အဏုဇီဝဗေဒဌာနမှ ကထိက ဒေါက်တာမင်းသိမ်းက ၁၉၈၄ခုနှစ်တွင် စတင်၍ လေ့လာတွေ့ရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် သဘာဝအလျောက်တွေ့ရှိရသော စပီရူလိုင်းနားကို အသုံးပြုပြီး မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (စစ်ကိုင်း)တွင် ပရိုဗီမင်၊ ဘိုင်အိုမင်စီ၊ စပီရူလိုင်းနားသနပ်ခါး၊ စပီရူလိုင်းနားခေါင်းလျှော်ရည်၊ စပီရူလိုင်းနား ဖျော်ရည်စသည်တို့ကို ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ် (Good Manufacturing Practice)နှင့် အညီ ထုတ်လုပ်ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံ(စစ်ကိုင်း)

ကနီမြို့နယ် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းရှိ တွင်းမ။

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ သာယာလှပသော ရေခါးအင်း။

သည် အစိုးရအချင်းချင်း အကူအညီပေးရေး အစီအစဉ်ဖြင့် မလေးရှားနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနက ချီးမြှင့်သော ASEAN GMP လက်မှတ်ကို ၂၀၀၇ခုနှစ်တွင် ရရှိခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ အစ္စရေးနိုင်ငံ၊ ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ချဒ်နိုင်ငံ၊ ဟာဝိုင်ယီကျွန်း၊ ဘယ်လ်ဂျီယံနိုင်ငံစသော ကမ္ဘာ့နိုင်ငံအသီးသီးတွင် စပီရူလိုင်းနားကို အပြိုင်အဆိုင်ထုတ်လုပ်ရန် ကြိုးပမ်းလျက်ရှိသည်။ စပီရူလိုင်းနားကို မွေးမြူထုတ်လုပ်နိုင်ရန် ကြိုးစားလျက်ရှိပြီး အောင်မြင်မှုရရှိလာပြီဖြစ်သောနိုင်ငံများမှာ ဗီယက်နမ်နိုင်ငံ၊ ပြင်သစ်၊ စပိန်၊ တောင်အာဖရိက၊ ချီလီ၊ ပီရူး၊ ဘရာဇီးနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ ဖြစ်ကြပါသည်။ စပီရူလိုင်းနားကို မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံက ထုတ်လုပ်လျက်ရှိပြီး ကမ္ဘာပေါ်ရှိနိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့ရောင်းချလျက်ရှိပါသည်။ စပီရူလိုင်းနားကို တင်ပို့ရောင်းချရာတွင် စပီရူလိုင်းနား အချပ်များ (Spirulina Cakes)၊ စပီရူလိုင်းနားနန်းမျှင်ချောင်းများ (Spirulina Chips)၊ စပီရူလိုင်းနားအမှုန့် (Spirulina Powder)၊ ဆေးဝါးများအဖြစ် အသုံးပြုခြင်း (Health Food Products)၊ ခန္ဓာကိုယ် အရေပြားလိမ်းဆေးများ (Skin Cream)၊ ခေါင်းလိမ်းဆီ၊ ခေါင်းလျှော်ရည်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရေထွက်ပစ္စည်းမွေးမြူရေးလုပ်ငန်းများတွင် မွေးမြူရေး အစာအဖြစ် အသုံးပြုခြင်းနှင့် အစားအစာဆိုးဆေးများအဖြစ် ထုတ်လုပ်ရောင်းချပါသည်။

ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့၌ ၁၅-၁၁-၂၀၁၀ ရက်နေ့ မှ ၁၇-၁၁-၂၀၁၀ ရက်နေ့ထိ ကျင်းပခဲ့သည့် အစားအစာ ထုတ်လုပ်မှုတွင် ခေတ်မီနည်းပညာများ အသုံးချမှုဆိုင်ရာ နိုင်ငံတကာ အလုပ်ရုံဆွေးနွေးပွဲသို့ ရုရှားနိုင်ငံ သိပ္ပံနှင့် ပညာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်၊ သုတေသနဌာနများမှ အစားအစာ သိပ္ပံပညာရှင် ၁၇ ဦး၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် ၂၁ဦးနှင့် ဗီယက်နမ်နိုင်ငံ အစားအစာထုတ်လုပ်မှု သုတေသနဌာနမှ ကိုယ်စားလှယ်အချို့ အပါအဝင် စုစုပေါင်း ၅၀ ကျော် တက်ရောက်ခဲ့ပါသည်။

ထိုအလုပ်ရုံဆွေးနွေးပွဲတွင် ရုရှားနိုင်ငံ ဆေးသိပ္ပံသုတေသန ဌာန (State Research Institute of Nutrition of Russian Academy of Medical Science)မှ Vladimir-K.Mazo, Ivan V.Gmoshinski, Sergey N.Zorin တင်ပြသော စာတမ်းတွင် လူ့ခန္ဓာကိုယ်၌ မရှိမဖြစ်လိုအပ်သော သံဓာတ်၊ ဇင့်၊ ကော့ပါး၊ ဆီလီနီယမ်၊ ခရိုမီယမ်၊ မဂ္ဂနီဆီယမ်စသည့် Trace element များသည် စပီရူလိုင်းနားတွင် ပါဝင်ကြောင်း၊ ရုရှားနိုင်ငံတွင် ခေတ်မီ ဇီဝနည်းပညာကို အသုံးပြု၍ စပီရူလိုင်းနားကို Trace element ပါဝင်သော အာဟာရ တန်ဖိုးမြင့်သည့် အစား အစာ အရင်းအမြစ်အဖြစ် အသုံးပြု ထုတ်လုပ်လျက်ရှိကြောင်း အာဟာရ တန်ဖိုးကြွယ်ဝပြီး Trace element များသည် စပီရူလိုင်းနားတွင် ပါဝင်ကြောင်း၊ ရုရှားနိုင်ငံတွင် ခေတ်မီ ဇီဝနည်းပညာကို အသုံးပြု၍ စပီရူလိုင်းနားကို Trace element ပါဝင်သော အာဟာရ တန်ဖိုးမြင့်သည့် အစားအစာ အရင်းအမြစ်အဖြစ် အသုံးပြု ထုတ်လုပ်လျက်ရှိကြောင်း၊ အာဟာရတန်ဖိုး ကြွယ်ဝပြီး Trace element ပါဝင်သော စပီရူလိုင်းနားကို ပြင်ပ သဘာဝကန်ကြီးများ (သို့တည်းမဟုတ်) အဆောက်အအုံ အတွင်း controlled condition ဖြင့် မွေးမြူ၍ အများအပြား ထုတ်လုပ်နိုင်ကြောင်း၊ ရုရှားမှ ဇီဝနည်းပညာရှင်များသည် Trace element များ ပါဝင်သည့် Spirulina biomass ကို ပြင်ပ ကန်ကြီးများတွင် အများအပြား အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း ဖော်ပြထားပါသည်။ စပီရူလိုင်းနားသည် လူသားများအတွက် အစာအာဟာရအဖြစ် စားသုံးနိုင်သော အော်ဂဲနစ် ဒြပ်ပေါင်းဖြစ်ပြီး သဘာဝ ပတ်ဝန်းကျင်ကိုလည်း ထိန်းသိမ်းနိုင်ကြောင်း တွေ့ရှိရပါသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့သော သုတေသနရလဒ်များအရ ယခုအခါ ကျန်းမာရေးကို အထောက်အကူပြုစေနိုင်သော ကျန်းမာအသက်ရှည်ပြီး နုပျိုစေသော အစားအစာထုတ်ကုန်အမယ်သစ်များကို ပိုမိုတီထွင် ထုတ်လုပ်လာသည်ကို တွေ့ရှိရပါသည်။ ဂျာမနီနိုင်ငံ၏ သုတေသန ပြုချက်များအရလည်း စပီရူလိုင်းနားသည် Virus ပိုးများကို သတ်နိုင်သည့် အာနိသင်ရှိခြင်း၊ စပီရူလိုင်းနားတွင်ပါဝင်သော အပြာရောင်ခြယ် Phycocyanin သည် နေရောင်ခြည်ဒဏ် (UV Light) ကို ခံနိုင်ရည်ရှိပြီး ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိ (Antioxidant activity) လည်းရှိ၍ ကိုယ်ခံစွမ်းအား တိုးမြှင့်စေခြင်း၊ ခန္ဓာကိုယ်၏ ခုခံအားစနစ်ကို တိုးတက်စေပြီး ရောဂါမျိုးစုံဒဏ်မှ ကာကွယ်ပေးနိုင်ခြင်း၊ အသည်းတွင်အဆိပ်အတောက်ဖြစ်ခြင်းနှင့် ရောင်ရမ်းခြင်းမှ ကာကွယ်နိုင်ခြင်း၊ အသည်းရောဂါ၊ အဆစ်ရောင်ရောဂါ ဖြစ်ပွားခြင်းကို ဟန့်တားနိုင်ခြင်း၊ စိတ်ဖိစီးမှုများကို လျှော့ကျစေပြီး ကျန်းမာစေကာ ရောဂါမျိုးစုံ ဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိခြင်း၊ သံဓာတ်သွေးအားနည်းခြင်း ရောဂါများမှ ကာကွယ်နိုင်ခြင်း၊ ဝဲနှင်းခူကဲ့သို့သော အရေပြား ရောဂါဖြစ်ပွားမှုများမှ ကာကွယ်နိုင်ခြင်း၊ အူအတွင်းရှိ လူကို အကျိုးပြုသည့် Lactobacillus ဗက်တီးရီးယားကို တိုးပွားစေခြင်း၊ မျက်စိရောဂါများ ပျောက်ကင်းစေခြင်းနှင့် သက်ရှည် နုပျိုစေခြင်း စသည့်အကျိုးကျေးဇူးများ ရှိကြောင်းတွေ့ရှိရပါသည်။

ထို့ပြင် စပီရူလိုင်းနားသည် ကင်ဆာရောဂါကာကွယ် ကုသရာတွင် အသုံးပြုနိုင်ကြောင်းကို အမေရိကန်၊ ဂျပန်၊ တရုတ်နှင့် အိန္ဒိယနိုင်ငံများတွင် လေ့လာသုတေသနပြုလုပ်ချက်များအရ သိရှိရပါသည်။ ဂျပန်နိုင်ငံ၌ သုတေသနပြုလုပ် ချက်အရစပီရူလိုင်းနားမှ ထုတ်လုပ် ရရှိသော အပြာရောင်ခြယ် Phycocyanin သည် ကင်ဆာရောဂါ ပြန့်ပွားမှုကို အတိုင်းအတာ တစ်ခုအထိ ဟန့်တားနိုင်ကြောင်း သိရှိရပါသည်။

စပီရူလိုင်းနားစိမ်းပြာရေညှိထဲတွင် ကိုလက်စထရောဓာတ် လုံးဝမပါရှိပါ။ ကိုလက်စထရောကို ဖျက်ဆီးနိုင်စွမ်းရှိသော မရှိမဖြစ်အဆီဓာတ်များ (Essential Fatty Acid) များစွာ ပါရှိကြောင်း စမ်းသပ်တွေ့ရှိရပါသည်။ ၎င်း Essential Fatty Acid များသည် ခန္ဓာကိုယ်၌ ပိုလျှံနေသော အဆီများကို ချေဖျက်ပေးပါသည်။ စပီရူလိုင်းနားတွင် ပါဝင်သော Essential Fatty Acid တစ်မျိုးဖြစ်သည့် (γ -Linolenic Acid) GLA သည် သွေးထဲရှိ ကိုလက်စထရောကို သာမက သွေးကြော နံရံများတွင် ဝင်ရောက် တွယ်ကပ်နေသော အဆီဖတ်များကိုပါ ချေဖျက်နိုင်စွမ်းရှိသဖြင့် သွေးတိုး၊ နှလုံးသွေးကြောရောဂါဝေဒနာသည်များအတွက် အထူးအကျိုးရှိလှပါသည်။ ဂျပန်နိုင်ငံရှိ ဆရာဝန်များသည် စပီရူလိုင်းနားနှင့် ပတ်သက်၍ လူနာအများအပြားတွင် စမ်းသပ်မှုများ ပြုလုပ်ခဲ့ရာ စမ်းသပ် တွေ့ရှိချက်အရ စပီရူလိုင်းနားသည် သွေးတွင်းရှိ ကိုလက်စထရောကို သိသိသာသာကျစေကြောင်း သိရှိရပါသည်။

ထို့ပြင် စပီရူလိုင်းနားသည် ကမ္ဘာပေါ်ရှိ အစားအစာများ အားလုံးတွင် အမိုင်နိုအက်စစ် အပြည့်စုံဆုံးသော အစားအစာ တစ်ခုဖြစ်ပါသည်။ ဆီးချို ရောဂါဖြစ်ပွားရခြင်းမှာ အင်ဆူလင်ကို ခန္ဓာကိုယ်က ကောင်းစွာမထုတ်လုပ်နိုင်ခြင်း၊ သို့တည်းမဟုတ် ထုတ်လုပ်နိုင်သော်လည်း အရည်အသွေးမပြည့်ခြင်းတို့ကြောင့် ဖြစ်ပါသည်။ အင်ဆူလင်သည်ဟော်မုန်းတစ်မျိုးဖြစ်ပြီး အမိုင်နိုအက်စစ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ သို့ပါ၍ အမိုင်နိုအက်စစ်များပါသော စပီရူလိုင်းနားကို မှန်မှန်စားသုံးပါက အင်ဆူလင် မော်လီကျူး တည်ဆောက်ရန်လိုအပ်သော အမိုင်နိုအက်စစ်များနှင့် ဆာလဖာ မော်လီကျူးများ ရာခိုင်နှုန်းပြည့် ပါဝင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စပီရူလိုင်းနားတွင် ခန္ဓာကိုယ်အတွက်လိုအပ်သော အာဟာရဓာတ်အမျိုးပေါင်း ၁၀၀ ကျော်ပါဝင်ပါသည်။စပီရူလိုင်းနားတွင် အဓိက ပါဝင်သော အာဟာရဓာတ်မှာ အသားဓာတ်ဖြစ်ပြီး စုစုပေါင်းအလေးချိန်၏ ၅၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်း အထိပါဝင်သည်။ စပီရူလိုင်းနားတွင် ပါဝင်သော အသားဓာတ်မှာ တိရစ္ဆာန်မှရသော အသားဓာတ်မဟုတ်ဘဲ အပင်မှရသောအသားဓာတ်ဖြစ်သဖြင့် သက်သတ်လွတ်အသားဓာတ်ဟု ခေါ်ဆိုနိုင်ပါသည်။ ထို့ကြောင့် သက်သတ်လွတ်စားသူများ၊ ရဟန်းသံဃာများ၊ အသားဓာတ်ချို့တဲ့သူများ၊ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ၊ သက်ကြီးရွယ်အိုများအတွက် အထူးသင့်လျော်သော အစာလည်းဆေး၊ ဆေးလည်းအစာတစ်ခု ဖြစ်ပါသည်။

စပီရူလိုင်းနားသည် အဆီပါဝင်မှုနည်းသော၊ ကိုလက်စထရောမပါဝင်သော၊ ကယ်လိုရီအနည်းငယ်သာတက်စေသော ပရိုတင်းဓာတ်ကြွယ်ဝသည့် အစားအစာတစ်မျိုး ဖြစ်ပါသည်။ထို့ပြင် စပီရူလိုင်းနားတွင် ပါဝင်သော အဆီမှာလည်း အသားနှင့်ဥတို့တွင် ပါဝင်သော အဆီကဲ့သို့ ပြည့်ဝအဆီ (Saturated fat) မဟုတ်ဘဲ အသီးအနှံများတွင် သာပါလေ့ရှိသည့် မပြည့်ဝအဆီ (Unsaturated fat) အမျိုးအစားသာဖြစ်၍ ကျန်းမာရေးကိုအကျိုးပြုစေကြောင်း တွေ့ရှိရပါသည်။

စပီရူလိုင်းနားကို အနည်းငယ်စားရုံမျှဖြင့် အာဟာရဓာတ်များစွာ ရစေနိုင်သောကြောင့် အစာလျှော့စားသော်လည်း အာဟာရချို့တဲ့မှု မဖြစ်စေနိုင်ပါ။ မောပန်းနွမ်းနယ်မှုကိုလည်း ပျောက်ကင်းစေပြီး ထိရောက်သော ကိုယ်အလေးချိန်ချမှု (Diet) ပြုလုပ်နိုင်ပါသည်။ တစ်ချိန်တည်းမှာပင် လိုအပ်သော အာဟာရဓာတ်များကိုလည်း ဖြည့်တင်းပြီး ဖြစ်ပါသည်။ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုရိုးအတိုင်း စပီရူလိုင်းနား ပါဝင်သော ဆေးဝါးများကို မှီဝဲစားသုံးခြင်းဖြင့် အနာရောဂါကင်းပြီး သက်ရှည်ကျန်းမာနုပျိုစေမည်ဖြစ်ကြောင်း နိုင်ငံတကာမှ သုတေသနစာတမ်းများ၊ အထောက်အထားများ၊ လေ့လာတွေ့ရှိချက်များအရ သိရှိရပါသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ (စစ်ကိုင်း)သည် ၁၉၈၉ ခုနှစ်မှစ၍ စပီရူလိုင်းနားထုတ်ကုန်ဖြစ်သော ပရိုဗီမင်ဆေးပြားကို နိုင်ငံအနှံ့ ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။ စပီရူလိုင်းနားတွင် ပျားရည်၊ ရှားစောင်းလက်ပပ်နှင့် ဗီတာမင်စီ ထည့်သွင်းပြီး ၂၀၀၇ ခုနှစ်မှစ၍ အာဟာရဖြည့်အားဆေး ဘိုင်အိုမင်စီကို ထုတ်လုပ်လျက်ရှိရာ ရဟန်းရှင်လူပြည်သူအများ နှစ်ခြိုက်စွာ သုံးစွဲနေပြီ ဖြစ်ပါသည်။ ဂျာမနီနိုင်ငံမှသုတေသနပြုချက်များအရ တွင်းတောင်စပီရူလိုင်းနားသည် Virus ပိုးများနှိမ်နင်းနိုင်သည့် အာနိသင် (Antiviral Activity) မြင့်မားကြောင်း တွေ့ရှိချက်အရ ဂျာမနီနိုင်ငံ IGV Gmbh မှ Prof. Dr Dr Otto Pulz ၏ နည်းပညာအပေါ်အခြေခံ၍ Antivirus ဆေးသစ် Avamin ကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်း စက်ရုံ(စစ်ကိုင်း) မှ ဆက်လက်ထုတ်လုပ်ဖြန့်ဖြူးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၄-၂-၂၀၁၁ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊တေးရေး-မောင်မောင်လတ်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ **သက်ရှည်ကျန်းမာလေ့ကျင့်ပါ**
၈:၁၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၀ ၈။ အကပဒေသာ
၈:၃၀ ၉။ အတီးပြိုင်ပွဲ
၈:၄၀ ၁၀။ International News
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၀ ၃။ အဆိုပြိုင်ပွဲ
၄:၃၀ ၄။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ
၄:၄၀ ၅။ တေးဂီတအစီအစဉ်
၄:၅၀ ၆။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ စတုတ္ထနှစ် (ဥပဒေအထူးပြု) (ဥပဒေပညာ)
၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၈။ မူဟန်သွယ်သွယ်ဆိုကြမယ်
၅:၂၀ ၉။ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
၅:၃၀ ၁၀။ **ပုံတောင် တောင်ကြောဆီသို့ ခရီးတစ်ခေါက်**
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၃။ ပျော်ရွှင်စေသောနေ့ရက်များ **အချစ်ကော်ဖီ** (အပိုင်း-၄၃) နန်းဆုရတီစိုး၊ယုဇနဗိုလ်မြင့်၊ ကိုလင်း၊ကိုရဲ၊စိုးပြည် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆:၄၀ ၁၄။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း
၇:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (ဒုတိယတွဲ) (အပိုင်း-၁၃)
၈:၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **အစာလည်းဆေး၊ ဆေးလည်းအစာ** (အပိုင်း-၁၅)
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **စိတ်ကူးနဲ့ကြမ္မာ** (အပိုင်း-၃၀)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၃၉)
၂၂။ အစီအစဉ်ပြီး၏။

ဥတုရာသီ တောကို မှီ၍

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီ ကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီ ဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက် တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြု ရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

❍ ရှေ့ဖုံးမှ

အဆိုပါ ပြိုင်ပွဲတွင် မြန်မာ့မြားပစ်အားကစားသမားများသည် လက်စွမ်းပြခဲ့ပြီး ကမ္ဘာ့မြားပစ်ထိပ်သီးနိုင်ငံများကို ဖြတ်ကျော်ကာ ဆုတံဆိပ် ၁၀ ခု ဆွတ်ခူးပြီး နိုင်ငံအလိုက် ပထမနေရာ ရရှိခဲ့သည်။ ပြင်သစ်အသင်းက ရွှေ သုံးခု၊ ငွေ လေးခုဖြင့် ဒုတိယ၊ တရုတ်အသင်းက ရွှေ သုံးခု၊ ငွေ နှစ်ခု၊ ကြေးတစ်ခုဖြင့် တတိယ၊ ရုရှားအသင်းက ရွှေ သုံးခု၊ ငွေတစ်ခု၊ ကြေးလေးခုဖြင့် စတုတ္ထ၊ ဗီယက်နမ်အသင်းက ရွှေ နှစ်ခု၊ ငွေ သုံးခု၊ ကြေးတစ်ခုဖြင့် ပဉ္စမတို့ ရရှိကြသည်။

မြန်မာမြားပစ်အဖွဲ့အတွက် ရွှေတံဆိပ် ငါးခုကို အမျိုးသား Compound အသင်းက အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ ရှုံး/ထွက်ပြိုင်ပွဲမှတစ်ခု၊ အမျိုးသမီး Compound အသင်းက အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခု၊ Compound အမျိုးသမီးတစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ အောင်ငိုမ်းက တစ်ခု၊ ငွေ တံဆိပ်တစ်ခုကို Compound အမျိုးသမီးတစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ အောင်ငိုမ်းက ရယူပေးခဲ့သည်။ ကြေးတံဆိပ် လေးခုကိုမူ ရဲမင်းဆွေက Compound အမျိုးသား တစ်ဦးချင်း အမှတ်ပေးပြိုင်ပွဲမှ တစ်ခု၊ ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခု၊ သင်းသင်းခိုင်က Recurve အမျိုးသမီး တစ်ဦးချင်း ရှုံး/ထွက်ပြိုင်ပွဲမှ တစ်ခုနှင့် ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲ Compound Mix-Team ပြိုင်ပွဲမှ တစ်ခုတို့ ရယူပေးနိုင်ခဲ့ခြင်း ဖြစ်သည်။ ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲမှာ Compound Mix-Team ပြိုင်ပွဲ တတိယနေရာလုပွဲတွင် ပစ်ခတ်ခဲ့သော ရမှတ် ၁၅၇ မှာ ၂၀၁၀ပြိုင်ပွဲ၌ ၄င်းတို့တင်ထားသော အာရှစံချိန် ၁၅၃မှတ်ကိုချိုးကာ စံချိန်သစ်တင်နိုင်ခဲ့သည်။

ကြိုးပမ်းသွားမည်

အောင်ပွဲရ မြန်မာမြားပစ်အဖွဲ့ အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အတွေထွေအတွင်းရေးမှူး ဦးကျော်ဦး (ဒုတိယညွှန်ကြားရေးမှူး အား/ကာ)က "ယခုပြိုင်ပွဲမှာ အာရှပတ်လည်ပြိုင်ပွဲဖြစ်သော်လည်း ကမ္ဘာ့ထိပ်သီးမြားပစ်နိုင်ငံများအပြင် ပြင်သစ်၊ ရုရှား၊ အမေရိကန်အသင်းများပါဝင်ရောက်ယှဉ်ပြိုင်ကြ၍ ကမ္ဘာ့အဆင့်ပြိုင်ပွဲဖြစ်ပါကြောင်း၊ ယင်းပြိုင်ပွဲတွင် နိုင်ငံအလိုက်ပထမနေရာရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့်အတွက် ဝမ်းသာမိပါကြောင်း၊ **Compound Mix-Team**ပြိုင်ပွဲတွင်လည်း ရဲမင်းဆွေနှင့် အောင်ငိုမ်းအတွဲက အာရှစံချိန်သစ် တင်နိုင်ခဲ့ကြောင်း၊ ယခုပြိုင်ပွဲများကို အာဆီယံနိုင်ငံများဖြစ်သည့် မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် လာအိုတို့ ပါဝင်ယှဉ်ပြိုင်ကြပြီး ယင်းအသင်းအားလုံး မြန်မာအောက်တွင် သာရှိကြောင်း၊ **Compound**ပြိုင်ပွဲတွင် ရွှေတံဆိပ်ကိုးခု ပေးရာတွင် မြန်မာက ငါးခု ရယူနိုင်ခဲ့ကြောင်း၊ **Recurve**ပြိုင်ပွဲတွင် ကြေးဆုရရှိခဲ့သည့် သင်းသင်းခိုင်မှာလည်း ကမ္ဘာ့အဆင့် ကစားသမားများထဲတွင် ယှဉ်ပြိုင်ပစ်ခတ်ကာ ရယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ **Recurve**ကစားသမားများမှာ ကြေးတစ်ခုသာ ရယူနိုင်ခဲ့သော်လည်း ကမ္ဘာ့ထိပ်တန်း ပြင်သစ်၊ ရုရှား၊ ဂျပန်၊ တရုတ်တို့နှင့် ယှဉ်ပြိုင်ခဲ့ရ၍ အတွေ့အကြုံကောင်းများရရှိပါကြောင်း၊ (၂၆)ကြိမ်မြောက်နှင့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတို့တွင် အောင်မြင်မှုရရှိရန် ရည်ရွယ်၍ ကစားသမား ၁၉ ဦးအထိ ယှဉ်ပြိုင်ခဲ့ကြောင်း၊ လက်ရွေးစင်ကစားသမားများအပြင် အဖွဲ့ချုပ်လက်ရွေးစင်များနှင့် သွေးသစ်ကစားသမားများကို နိုင်ငံတကာအတွေ့အကြုံ ရရှိစေရန် ယှဉ်ပြိုင်စေခဲ့ကြောင်း၊ လာမည့် (၂၆)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အတန်းစုံယှဉ်ပြိုင်ပြီး အောင်မြင်မှုရရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ ကစားသမားများ၏ အရည်အသွေးပိုင်းကို အားရကျေနပ်သော်လည်း **Compound Mix-Team** ပြိုင်ပွဲနှင့် ရှုံးထွက်ပြိုင်ပွဲတို့တွင် ရွှေနှစ်ခု လက်လွှတ်ခဲ့ရကြောင်း၊ ဒီအားနည်းချက် ပြင်ဆင်ပြီး ဆီးဂိမ်းပြိုင်ပွဲမှာ လက်မလွှတ်ရအောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

နိုင်ငံအတွက် အောင်မြင်မှုဆုတံဆိပ်များရယူပြီး အာရှစံချိန်သစ်တင်ခဲ့သော ရဲမင်းဆွေနှင့် အောင်ငိုမ်းတို့အား မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးနှင့်အတူ တွေ့ရစဉ်။

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

ယခုတစ်ပတ် မြန်မာဇာတ်ကားသစ်များ ရုံမဝင် နိုင်ငံခြားဇာတ်ကားသစ် RED ရှေ့ဆောင်ရုံဝင်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ယခုတစ်ပတ် မြန်မာဇာတ်ကားသစ်များ ရန်ကုန်မြို့လယ်ရုံများသို့ မဝင်ဘဲ သမ္မတရုပ်ရှင်ရုံနှင့် သွင်ရုပ်ရှင်ရုံများတွင် မြန်မာဇာတ်ကား ဟော့ရှော့-3 ဆက်လက်ပြသနေသည်။

မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံတွင် ဖေဖော်ဝါရီ ၂၅ ရက်၌ ပြသမည့် ဇာတ်ကား။

ရုံဝင်လာမည်

ဖေဖော်ဝါရီ ၂၅ ရက်တွင် မင်္ဂလာရုပ်ရှင်ရုံ၌ THE GREEN HORNET နှင့် နေပြည်တော် ရုပ်ရှင်ရုံတွင် GULLIVER'S TRAVELS နိုင်ငံခြားဇာတ်ကားများကိုပြသပြီး ရှေ့ဆောင်ရုပ်ရှင်ရုံသို့မူ RED အမည်ရှိ နိုင်ငံခြား လျှို့ဝှက်သည်းဖို စုံထောက်ဇာတ်ကားသစ် ရုံဝင်လာမည်ဖြစ်သည်။

လျှို့ဝှက်သည်းဖို

REDဇာတ်ကားကို အမေရိကန်နိုင်ငံ ကင်းဆပ်စီးတီးမြို့နှင့် နယူးအော်လင်းမြို့တို့တွင် အခြေခံရိုက်ကူးထားသည်။ စီအိုင်အေ ဝန်ထမ်းဟောင်းဖရန့်နှင့် စာရေးမလေးဆာရာတို့၏ အချစ်ဇာတ်လမ်း၊ ဂွါတီမာလာနိုင်ငံ လျှို့ဝှက်စစ်ဆင်ရေးတစ်ခုတွင် ဖရန့်ပါဝင်ပတ်သက်ခဲ့သော အမှုအခင်း၊ အဆိုပါ အမှုအခင်းနှင့်ဆက်စပ်သည့် ဖြစ်ရပ်များကို ဖြေရှင်းရာတွင် ဖရန့်နှင့်စာရေးမလေး ဆာရာတို့ ကြုံတွေ့ရသော ပစ်ခတ်မှုများ စသည်တို့ကို ပုံဖော်ထားသည့် ရင်သပ်ရှုမောဖွယ် လျှို့ဝှက်သည်းဖိုဇာတ်လမ်းတစ်ပုဒ်ဖြစ်သည်။

(မြန်မာ့အလင်း)

အားကစားရန်ပုံငွေ အနုပညာပွဲတော် သုဝဏ္ဏအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ် ရန်ပုံငွေ အနုပညာပွဲတော်ကို ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် ညစဉ် ၇ နာရီမှစတင်၍ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ တင်ဆက်မည်ဖြစ်ရာ အဆိုပါ အနုပညာပွဲတော်တွင် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာ ညီအစ်ကို မောင်နှမများ အင်ပြည့်အားပြည့် ပါဝင်ဆင်နွှဲကြမည်ဖြစ်သည်။ အကယ်ဒမီလူမင်း၊ အကယ်ဒမီ နေတိုး၊ မြင့်မြတ်၊ ကျော်ကျော်ဗို၊ ထွန်းထွန်း (Example)၊ ရဲလေး၊ နေမင်း၊ မင်းထက်ကျော်ဇင်၊ နဝရတ်၊ မယ်လိုဒီ၊ ပုလဲဝင်း၊ ဆုပန်ထွာ၊ မေကဗျာ၊ သဇင်၊ အေးမြတ်သူ၊ ချောရတနာ၊ ခင်လေးနွယ်၊ ချစ်သုဝေ၊ စန္ဒီမြင့်လွင်၊ မေသက်ခိုင်၊ အေသင်ချိုဆွေတို့က ဒါရိုက်တာ အကယ်ဒမီငြိမ်းမင်း စီစဉ်သည့် **ကြယ်တွေကတဲ့ည** အနုပညာအစီအစဉ်၌ ဖျော်ဖြေကြမည်ဖြစ်ပြီး ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင် စီစဉ်သည့် **နှစ်ဆယ်ကျော်ရင် အမေခေါ်မယ်** ပြဇာတ်သစ်၌ ဒိန်းဒေါင်၊ ငြိမ်းချမ်း၊ ငှက်ပျောကြော်၊ ကျော်ထူး၊ ဝက်မ၊ ရှက်တယ်၊ ထက်ထက်တို့ ပါဝင်ကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(ရိုးရာအားကစားအဖွဲ့ချုပ်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိသဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ကရင်ပြည်နယ် ဘားအံမြို့နယ် တံတားဦးကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာနေ ဦးမောင်လှဖြူသည် ဖေဖော်ဝါရီ ၂၂ ရက် ည ၇နာရီခန့်တွင် ကျုံခနက်ကျေးရွာ တောင်ပေါ်ဘုန်းကြီးကျောင်းဝင်းအနီး ထမင်းအိုးတည်ရန်ပြင်ဆင်နေစဉ် KNU အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသော မိုင်းတစ်လုံး နင်းမိပြီး ဝဲဘက်ခြေမပြတ်ဒဏ်ရာနှင့် ခန္ဓာကိုယ်အောက်ပိုင်းပွန်းပဲ့၊ စုတ်ပြဲဒဏ်ရာများ ရရှိခဲ့သဖြင့် ဘားအံဆေးရုံသို့ တက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိကာ တာဝန်ရှိသူတို့က လိုအပ်သည်များ ကူညီစောင့်ရှောက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ရေပေးဝေရေး ရေစက်ရုံနှင့် ရေကန်များကို မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ဖေဖော်ဝါရီ ၂ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးထွန်းကိုကိုတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကြံခင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဗိုလ်ချုပ်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးသန်း ဖေဖော်ဝါရီ ၁၀ ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်သက်ရှည် ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ဘားအံမြို့နယ် အဓိပတိလမ်း ပလက်ဖောင်းနှင့် လမ်းလယ်ကျွန်း ဆေးသုတ်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးနီထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကော့သောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆိပ်ဖူး-မာရမ်း-အေးချမ်းသာ-နမ္မတွန်လမ်းသား မြှင့်တင်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးကျော်မိုးလှိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဦးတို့ ကွင်းဆင်းဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ငွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မကျေးငူ-ကျောက်ချွန်လမ်းအပိုင်း ကျောက်ချောလမ်းခင်းနေမှုကို အမှုဆောင်အရာရှိ ဦးသန်းစိုးဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်မြတ်ဦးတို့ ဖေဖော်ဝါရီ ၁၄ ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကလောမြို့နယ်ရှိ ကလောပင်မဓာတ်အားခွဲရုံ ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၉ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်ရှိ ကလောပင်မဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး Control Room အတွင်း ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားလက်ခံရရှိ၊ ဖြန့်ဖြူးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် Switch Yard အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပင်မဓာတ်အားခွဲရုံမှူးက ဓာတ်အားလိုင်းအဝင်အထွက်နှင့် Shunt Reactor အထိုင်ချတပ်ဆင်မည့် နေရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စက်ရေတွင်းနှင့် အုတ်ရေကန်သစ် ရွှေကူမြို့၌ဖွင့်

ရွှေကူ ဖေဖော်ဝါရီ ၂၃

ရွှေကူမြို့နယ် ပန်းတင်စံပြကျေးရွာတွင် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော နှစ်လက်မ စက်ရေတွင်းနှင့် အုတ်ရေကန်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီက အမှာစကားပြောကြားကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီက စက်ရေတွင်းသစ် ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စက်ရေတွင်းသစ်ကို မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**အဆိုပါစက်ရေတွင်းနှင့်အတူ ဂါလန် ၂၀၀၀ဆံ့အုတ်ရေကန်တစ်ကန်နှင့် သစ်သားခြံစည်းရိုး ကာရံခြင်းလုပ်ငန်းတို့ကိုပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရန်ကုန်စက်မှုတက္ကသိုလ် အင်ဂျင်နီယာ ကျောင်းဆင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၈၇ နှင့် ၁၉၉၁) မြို့ပြအင်ဂျင်နီယာ ကျောင်းဆင်းများ၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့်အတူ ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၈၇နှင့်၁၉၉၁) မေဂျာစုံ အင်ဂျင်နီယာကျောင်းဆင်းများ၏ အဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲကို ကျင်းပမည်ဖြစ်ရာ မတ် ၂ ရက် (တောင်သူလယ်သမားနေ့) ညနေ ၃ နာရီမှ ၅ နာရီအထိ အာစရိယပူဇော်ပွဲကိုလည်းကောင်း၊ ညနေ ၆ နာရီမှ ည၈ နာရီအထိ မိတ်ဆုံစားပွဲကိုလည်းကောင်း ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အင်းလျားကန်ဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး အင်ဂျင်နီယာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်၍ ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ကြရန်နှင့် (မြို့ပြ) ဒေါက်တာဉာဏ်မြင့်ကျော် ဖုန်း-၀၉-၅၀၃၃၅၅၈၊ ဦးစိုးလွင် (ချက်ကြီး) ဖုန်း-၀၉-၅၀၄၁၉၀၅၊ ဦးဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၀၇၇၁၅၃၊ ဦးကိုကိုထွေး ဖုန်း-၀၉-၅၁၇၉၁၁၀၊ ဦးသန်းဝင်း ဖုန်း-၀၉-၅၀၁၇၄၂၅၊ စက်မှုလျှပ်စစ်နှင့် မေဂျာစုံ- ဦးမိုးမြင့်ကျော် ဖုန်း-၀၉-၅၀၃၆၀၆၉၊ ဦးတင်မောင်နိုင် ဖုန်း-၀၉-၅၁၂၅၃၇၆၊ ဦးကျော်သူအောင် ဖုန်း-၀၉-၅၀၀၀၃၁၈၊ ဦးတင်ဦး ဖုန်း- ၀၉-၅၀၀၈၉၂၃ နှင့် ဦးခင်မောင်လွင် (ကြက်တော) ဖုန်း-၀၉-၅၀၀၄၁၈၉ တို့ထံသို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရေကြည်မြို့နယ် ဘုရားကြီးကုန်း အခြေခံပညာမူလတန်းကျောင်း၏ ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၆ ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသူ မအိဖြူကျော်အား ကျောင်းအုပ်ဆရာကြီး ဦးစိုးသန်း ဆုချီးမြှင့်စဉ်။ (ပညာရေး)

မုဒုံမြို့ ကော့ခပုံကျေးရွာ ကျေးလက် ကတ္တရာလမ်းခင်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၇ ရက်က စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှဒုတိယညွှန်ကြားရေးမှူးချုပ် (အင်/ယာ)ဦးလှသိန်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်း ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲ ဝမ်းတွင်းမြို့နယ်၌ ကျင်းပ

ဝမ်းတွင်း ဖေဖော်ဝါရီ ၂၃

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် သဲတောမြို့ သဲတောအခြေခံပညာအထက်တန်းကျောင်းဖွင့်ပွဲနှင့် ကျောင်းဆောင်သစ်အုတ်တံတိုင်းများ၊ သန့်စင်ခန်းများ၊ စာရေးခုံများ ပညာရေးဌာနသို့ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

ဖွင့်ပွဲသို့ မိတ္ထီလာခရိုင် ဥက္ကဋ္ဌ၊ ဝမ်းတွင်းမြို့နယ် ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး လက်ထောက်တိုင်းပညာရေးမှူး(စီမံ)၊ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ (ပညာရေး)

ရပ်ရွာအခြေပြု ကူညီစောင့်ရှောက်ရေးလုပ်ငန်းများ မြောက်ဥက္ကလာပ၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

လူမှုဝန်ထမ်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးအသင်း၏ စီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၁၈ရက် နံနက် ၉ နာရီက မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်တွင် မူးယစ်ဆေးဖြတ်ပြီး၍ နောက်ဆက်တွဲကူညီစောင့်ရှောက်မှုခံယူလျက်ရှိသည့် နာတာရှည်လူနာများအား အာဟာရပစ္စည်းနှင့် ဆေးဝါးများထောက်ပံ့ပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ပါဝင်ဆောင်ရွက်

ထိုသို့ ဆောင်ရွက်ရာ၌ အသင်းအတွင်းရေးမှူး ဦးစံလွင် ခေါင်းဆောင်၍ အရှေ့ပိုင်းခရိုင် တာဝန်ခံကြီးကြပ်ရေးမှူး ဒေါ်ခင်ခင်ဝင်းနှင့် မြို့နယ်ကြီးကြပ်ရေးမှူးများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(လူမှုဝန်ထမ်း)

ဟသ်ာတမြို့၌ နှမ်းမနဲထိုးပြိုင်ပွဲဆုချီးမြှင့်

ဟသ်ာတ ဖေဖော်ဝါရီ ၂၃

ဟသ်ာတခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော မြန်မာ့ရိုးရာ နှမ်းမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက် ညနေ ၃ နာရီက ဟသ်ာတမြို့ ဆယ်ထပ်ကြီး ဘုရားဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဟသ်ာတမြို့နယ် ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က နှမ်းမနဲထိုးပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟသ်ာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့်က ဆုရွေးချယ်မည့် အမှတ်ပေးနည်းစနစ်နှင့် လိုက်နာရမည့်အချက်များ၊သတ်မှတ်စည်းကမ်းများကို ရှင်းလင်းတင်ပြပြီး ဒိုင်အဖွဲ့ဝင်များက နှမ်းမနဲထိုး ပစ္စည်းသုံးစွဲမှု၊ အချိုးအစားမှန်ကန်မှု၊ကြိုတင်ပြင်ဆင်ထားမှုများကို ပြိုင်ပွဲကွင်းအတွင်း လိုက်လံစစ်ဆေးကာ ပြိုင်ပွဲကို စတင်ကျင်းပသည်။

ဆုချီးမြှင့်

အဆိုပါပြိုင်ပွဲသို့ ဌာနပေါင်းစုံ၊ ရပ်ကွက်များမှ အသင်း ၂၇ သင်း ပါဝင်ယှဉ်ပြိုင်ကြရာပထမဆုရရှိသော ပြည်ထဲရေးအသင်းကို ဟသ်ာတခရိုင်ဥက္ကဋ္ဌ၏ဇနီး ဒေါ်ချိုချိုအောင်ကလည်းကောင်း**(ယာပုံ)**၊ဒုတိယဆုရ နယ်စပ်/စည်ပင်အသင်းကိုဟသ်ာတတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာတင်ထွန်းမြင့်ကလည်းကောင်း၊ တတိယဆုရ ပညာရေး မိသားစုအသင်းကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က လည်းကောင်း ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၂၄-၂-၂၀၁၁

(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၂	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၃	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၃၀	၅။	ဓမ္မပူဇာတေး
၇း၃၅	၆။	မျိုးချစ်တပ်မတော်
၇း၄၀	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၄၅	၈။	မြန်မာသံစဉ် ချိုနားဝင်
၇း၅၀	၉။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	ဦးတည်ချက်(၁၂)ရပ်
၈း၁၃	၁၃။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၅	၃။	နိုင်ငံတော်သီချင်း
၄း၁၀	၄။	အဖွင့်သီချင်း
၄း၁၅	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ဇာတ်လမ်းတို
၄း၃၀	၇။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၅	၈။	ဗွီစီဒီကျော်ကြားတေး
၄း၅၅	၉။	သတိနှင့်တိုးမည့်ပိုးဖလံများ
၅း၁၀	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀	၁၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၂)
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅	၁၃။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၄။	ထူးဆန်းထွေလာ မျက်လှည့်ပညာ
၆း၄၅	၁၅။	ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၁)
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်ညီအစ်မများ** (အပိုင်း-၆၀)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ဦးတည်ချက်(၁၂)ရပ်
	၂၀။	နိုင်ငံတကာသတင်း
	၂၁။	မိုးလေဝသသတင်း
	၂၂။	အနုပညာရှင်၏ တစ်နေ့တာ
	၂၃။	လျှပ်တစ်ပြက်
	၂၄။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘတစ်ပြန် ကျားတစ်ပြန်** (အပိုင်း-၁၄)
	၂၆။	ဂီတရင်ခုန်သံ

နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ
ရေးသားသည်

အေစီကွင်းလယ်လူ ဂတ်တူဆို လေးပွဲပိတ်ပင်ခံရ

မီလန် ဖေဖော်ဝါရီ ၂၃

အေစီမီလန်ကွင်းလယ်ကစားသမား ဂျင်နာရိုဂတ်တူဆိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲကစားစဉ် စပါးလက်ထောက်နည်းပြ ဂျိုးဂျော်ဒန်နှင့် ခိုက်ရန်ဖြစ်ခဲ့သဖြင့် လေးပွဲပိတ်ပင်လိုက်သည်။ **(ယာပုံ)**

ကွင်းလယ်ကစားသမားဂတ်တူဆိုသည် အေစီမီလန်ကွင်း ဆန်စီရိုတွင်ကစားခဲ့သည့် ချန်ပီယံလိဂ် ၁၆ သင်း ပထမအကျော့ကစားရာတွင် စပါးကို တစ်ဂိုး-ဂိုးမရှိ ရှုံးနိမ့်ခဲ့ပြီးနောက် ဂျိုးဂျော်ဒန်အား ခေါင်းဖြင့်ဆောင့်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ကိုယ်ထိလက်ရောက် ကျူးလွန်မှုအတွက် ဥရောပဘောလုံး အုပ်ချုပ်မှုအဖွဲ့ ယူအီးအက်ဖ်အေက စည်းကမ်းနှင့်အညီ ကြားနာစစ်ဆေးခဲ့ပြီးနောက် ပြစ်ဒဏ်အဖြစ် လေးပွဲပိတ်ပင်ခဲ့ခြင်းဖြစ်သည်။ ၄င်းပြစ်ဒဏ်ကြောင့် ဂတ်တူဆိုသည် မတ် ၉ ရက်တွင် စပါးကွင်း ဝိုက်ဟတ်လိမ်း၌ ဒုတိယအကျော့ကစားမည့်ပွဲ လွဲချော်မည်ဖြစ်သည်။ **(အင်တာနက်)**

ချယ်လ်ဆီးနည်းပြ အန်ဆယ်လော့တီ နည်းပြအဖြစ်မှ နုတ်ထွက်မည်မဟုတ်

လန်ဒန် ဖေဖော်ဝါရီ ၂၃

အက်ဖ်အေဖလား လက်ရှိချန်ပီယံ ချယ်လ်ဆီးအသင်းသည် ပြိုင်ပွဲမှ ထွက်သွားခဲ့သော်လည်း နည်းပြ အန်ဆယ်လော့တီက ရာထူးမှ နုတ်ထွက်လိမ့်မည်မဟုတ်ကြောင်း ပြောကြားလိုက်သည်။ **(အပေါ်ပုံ)**

နံပါတ်ငါး

ချယ်လ်ဆီးအသင်းသည် အဲဗာတန်အသင်းနှင့် အက်ဖ်အေဖလား စတုတ္ထအဆင့် ပြန်ကန်ပွဲကစားခဲ့ရာတွင် ပယ်နယ်တီဖြင့် ရှုံးနိမ့်ခဲ့ရသည်။ ချယ်လ်ဆီးတို့ ပရီမီယာလိဂ်တွင်လည်း အမှတ်ပေးဇယား နံပါတ်ငါးနေရာ၌ ရောက်ရှိနေသည်။

ထိပ်ဆုံးရောက် မန်ယူနောက်မှ ၁၂ မှတ် အကွာဖြင့် လိုက်နေရသည်။ **(အင်တာနက်)**

ဘရာဇီးနောက်ခံလူကားလို့စ် ရုရှားကလပ်နှင့်စာချုပ်

မော်စကို ဖေဖော်ဝါရီ ၂၃

ဘရာဇီးဝါရင့်နောက်ခံလူ ရောဘတ်တိုကားလို့စ်သည် ရုရှားကလပ် အင်ဇိုင်းနှင့် ဖေဖော်ဝါရီ ၂၂ ရက်က တစ်နှစ်ခွဲစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ ရောဘတ်တိုကားလို့စ်သည် ကစားဖော်ဖြစ်သည့် ရိုနယ်ဒို ဘောလုံးကစားခြင်းမှ အနားယူသွားသော်လည်း ၄င်းက ဆက်လက်ကစားနေဆဲပင်ဖြစ်သည်။

အင်ဇိုင်းကလပ်တွင် တစ်နှစ်ခွဲတာကာလ ၂၀၁၁-၂၀၁၂ ဘောလုံးရာသီမှ စတင်ကာ ပါဝင်ကစားရန်အတွက် ယူရိုခြောက်သန်းခွဲ ရရှိမည်ဖြစ်သည်။

ကားလို့စ်သည် ၂၀၁၀ ခုနှစ်မှ ယခုအချိန်အထိ ဘရာဇီးကလပ် ကိုရင်သီယန်၌ ကစားနေသူဖြစ်ပြီး ဘရာဇီးဘောလုံးအသင်းအတွက် ၁၂၅ ပွဲ ကစားပေးခဲ့ပြီး ၁၁ ဂိုးသွင်းယူပေးခဲ့သည့် နောက်ခံကစားသမားဖြစ်သည်။ **(အင်တာနက်)**

ဘရာဇီးဝါရင့်နောက်ခံလူ ရောဘတ်တိုကားလို့စ်၏ ထိုးဖောက်ကစားမှု...။

ဘာစီလိုနာကွင်းလယ်လူ ဇာဗီး လာလီဂါနှစ်ပွဲ လွဲချော်

မက်ဒရစ် ဖေဖော်ဝါရီ ၂၃

ဘာစီလိုနာအသင်းမှ အဓိကကွင်းလယ်ကစားသမားဇာဗီးသည် ခြေသလုံးကြွက်သား ဒဏ်ရာရရှိနေသဖြင့် လာမည့် လာလီဂါဖလားနှစ်ပွဲ လွဲချော်ရဖွယ်ရှိကြောင်း ဘာစီလိုနာကလပ်မှ ဖေဖော်ဝါရီ ၂၃ ရက်၌ သတင်းထုတ်ပြန်သည်။

အနားယူ

အသက် ၃၁ နှစ်အရွယ်ရှိ ဇာဗီးသည် ဝဲဘက်ခြေသလုံးကြွက်သား နာကျင်မှုကြောင့် ဘာစီလိုနာအသင်းတွင် ၁၀ ရက်ကြာ အနားယူရဖွယ် ရှိနေသည်။

ဖော်ပြ

၄င်းလာလီဂါပွဲစဉ်နှစ်ပွဲမှာ မာလော့ကာနှင့် ဗလင်စီယာအသင်းတို့နှင့် ယှဉ်ပြိုင်ရမည့် ပွဲစဉ်များဖြစ်ကြောင်း ဘာစီလိုနာကလပ်မှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

➤ မြင့်မောင်စိုး - စုစည်းသည် ➤

တိုက်စစ်မှူးရော်ဘီကိန်း တစ်လကြာနားရမည်

လန်ဒန် ဖေဖော်ဝါရီ ၂၃

ဝက်စ်ဟမ်းအသင်းသည် ခြေသလုံးကြွက်သားထိခိုက်ဒဏ်ရာရနေသော တိုက်စစ်မှူး ရော်ဘီကိန်းမပါဘဲ အနည်းဆုံးတစ်လကြာကစားရမည်ဖြစ်သည်။ အသက် ၃၀ အရွယ်ရှိ တိုက်စစ်မှူး ရောဘီကိန်းသည် မတ်လအတွင်း မက်ဆီဒိုးနီးယားနှင့်ကစားမည့် အိုင်ယာလန်သမ္မတနိုင်ငံ၏ ယူရို ၂၀၁၂ ခြေစစ်ပွဲကစားပေးရန်အတွက်လည်း သံသယပွားနေသည်။

ရော်ဘီကိန်းသည် တော့တင်ဟမ်ဟော့စပါးအသင်းမှ ဝက်စ်ဟမ်းသို့ အငှားချထားသူဖြစ်သည်။ ၄င်းသည် ဘန်လေနှင့် ဝက်စ်ဟမ်းတို့ကစားခဲ့သည့်ပွဲတွင်လည်း ဘေးထိုင်ကြည့်ခဲ့ရသည်။ ၄င်းသည် အိုင်ယာလန်အသင်းအတွက် ပွဲပေါင်း ၁၀၄ပွဲ ပါဝင်ကစားပေးခဲ့ပြီး ၄၅ ဂိုးသွင်းပေးနိုင်ခဲ့သည်။ **(ယာပုံ)** **(အင်တာနက်)**



ချယ်လ်ဆီးအသင်း နိုင်ပွဲရ၊ လိုင်ယွန်နှင့် ရီးရဲမက်ဒရစ်တို့သရေကျ

လန်ဒန် ဖေဖော်ဝါရီ ၂၃

ချန်ပီယံလိဂ် ၁၆ သင်းရှုံးထွက်ပြိုင်ပွဲ ပထမအကျော့ပွဲစဉ်များကို ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးက ကိုပင်ဟေဂင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရလိုက်သည်။

ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးအနယ်လ်ကာက ပွဲစပြီး ၁၇ မိနစ်အကြာ တောင်ပံကစားသမား ဂရှန်ဂျာ၏ ဖြတ်တင်ဘောမှ တစ်ဆင့် သွင်းယူခဲ့သည်။ တိုက်စစ်မှူး အနယ်လ်ကာသည် ဒုတိယအနိုင်ဂိုးကိုလည်း ဒုတိယပိုင်းပွဲချိန် ၅၄ မိနစ်တွင် လမ်းပတ်၏ ဖြတ်တင်ဘောမှ တစ်ဆင့်သွင်းယူခဲ့သည်။

ချယ်လ်ဆီးအသင်းအတွက် အဖွင့်ဂိုးကို တိုက်စစ်မှူးအနယ်လ်ကာက ဂျာသို့သွင်းယူခဲ့သည်။

လိုင်ယွန်သရေ

ပြင်သစ်ကလပ်လိုင်ယွန်နှင့် ရီးရဲမက်ဒရစ်တို့ လိုင်ယွန်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားခဲ့သည်။ အဝေးကွင်းလာရောက်ကစားသည့် ရီးရဲမက်ဒရစ်အသင်းအတွက် ဘင်ဇီမာက ပွဲချိန် ၆၅ မိနစ်တွင် သွင်းယူခဲ့သည်။ သို့သော် ပွဲပြီးရန် ခုနစ်မိနစ်အလိုတွင် လိုင်ယွန်ကစားသမား ဂိုမက်က ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

သွားရောက်ကစား

လာမည့် မတ် ၁၆ ရက်တွင် ချယ်လ်ဆီးက ကိုပင်ဟေဂင်အသင်းကို ချယ်လ်ဆီးကွင်း စတမ်းဖို့ဒ်ဘရစ်၌ ဒုတိယအကျော့ ယှဉ်ပြိုင်မည်ဖြစ်သကဲ့သို့ လိုင်ယွန်ကလည်း ရီးရဲမက်ဒရစ်အိမ်ကွင်း ဘာနေဗျူးသို့ သွားရောက်ကစားရမည် ဖြစ်သည်။ **(အင်တာနက်)**

ဂလေဇာမိသားစု — မန်ယူကိုပိုင်ဆိုင်နေဆဲ

လန်ဒန် ဖေဖော်ဝါရီ ၂၃

ဂလေဇာမိသားစုသည် မန်ယူကလပ်ကို ရာနှုန်းပြည့် ပိုင်ဆိုင်နေဆဲဖြစ်ကြောင်း ၄င်းကလပ်က ပရီမီယာလိဂ်သို့ ပြောကြားလိုက်သည်။

အမေရိကန်နိုင်ငံသား မန်ယူအသင်းပိုင်ရှင် ဂလေဇာမိသားစုသည် ပီအိုင်ကေကုမ္ပဏီသို့ ချေးငွေပေါင် ၂၂၀ သန်း အကြွေးဆပ်ရန်ရှိသဖြင့် အသင်းကို ရောင်းချလိမ့်မည်ဟု ထင်ကြေးပေးခဲ့ကြသည်။ ၄င်းမိသားစုက ၂၀၀၅ ခုနှစ်တွင် မန်ယူကို လွှဲပြောင်းယူခဲ့ပြီးနောက် ပီအိုင်ကေကုမ္ပဏီထံမှ ယင်းငွေကို ချေးယူခဲ့ခြင်းဖြစ်သည်။ (အပေါ်ပုံ)

မန်ယူကို ဂလေဇာမိသားစုက အနာဂတ်ကာလတွင် ကာတာတော်ဝင်မိသားစုသို့ ရောင်းချလိမ့်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိသည်။ သို့သော် မန်ယူကိုရောင်းချရန် ရည်ရွယ်ချက်မရှိသေးကြောင်း ဂလေဇာမိသားစုက အခိုင်အမာ ပြောကြားထားသည်။ (အင်တာနက်)

ကျောက်ခွဲစက်၊ ကွန်ကရစ်အုတ်လုပ်ငန်း မြို့တော်ဝန် ဦးဖုန်းဇော်ဟန် ကြည့်ရှုစစ်ဆေး

မန္တလေး ဖေဖော်ဝါရီ ၂၃

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဖုန်းဇော်ဟန်သည် ကော်မတီဝင်ဦးမြင့်သိန်း၊ ဦးကျော်ဝင်းနှင့် ဌာနမှူးများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၅ရက် ညနေ ၄နာရီက ပုသိမ်ကြီးမြို့နယ် ကျောက်ချောကျေးရွာအနီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ကျောက်ခွဲစက်သို့ ရောက်ရှိလာရာ ကျောက်ခွဲစက်တာဝန်ခံအရာရှိနှင့် တာဝန်ရှိသူများက ကျောက်ခွဲစက်မှ ကျောက်အရွယ်အစားအမျိုးမျိုး ကြိတ်ခွဲထုတ်လုပ်နေမှုအခြေအနေများနှင့် တစ်ရက်ရှစ်နာရီ စက်လည်ပတ်လျှင် ကျောက်ကျင်းပေါင်း ၈၀ကျော်အထိ ကြိတ်ခွဲနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**(ယာပုံ)**

ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ကျောက်ခွဲစက်လည်ပတ်ထုတ်လုပ်မှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို လမ်း၊ တံတားဌာန ဌာနမှူးနှင့် တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကွန်ကရစ်အုတ်လုပ်ငန်းမှ စက်ရိုက်အုတ်များ ထုတ်လုပ်နေမှုအခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့တော်စည်ပင်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟသ်ာတ အထက(၁)၌ ဟောပြော

ဟသ်ာတ ဖေဖော်ဝါရီ ၂၂

ဟသ်ာတခရိုင် အထက(၁) ဟသ်ာတမြို့၌ ဖေဖော်ဝါရီ ၂၂ရက် မွန်းလွဲ ၁ နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပွဲကို အဆိုပါကျောင်း ဟသ်ာခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းတင့်က အမှာစကား ပြောကြားပြီး ခရိုင်ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဝင်း၊ ခရိုင်ယာဉ်ထိန်းတာဝန်ခံ ရဲအုပ်ဇော်ဇော်နှင့် လက်ထောက်တာဝန်ခံ ဒုတိယရဲအုပ်ထွန်းအောင်ချို့တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပရိုဂျက်တာများဖြင့် သရုပ်ဖော်ပညာပေးပြသ ရှင်းလင်း ပြောကြားကြသည်။

တက်ရောက်

အခမ်းအနားတွင်ဆရာမဒေါ်အေးအေးမွန် (အထပြ-ကာယ)က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေထွေ

မတ္တရာမြို့နယ်အတွင်း ငါးမွေးမြူထားရှိမှု ကြည့်ရှုစစ်ဆေး

မတ္တရာ ဖေဖော်ဝါရီ ၂၂

မတ္တရာမြို့နယ်အတွင်း ငါးမွေးမြူထားရှိမှု အခြေအနေများကို မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးတင်မောင်ကြည်၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတက္ကသိုလ် သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာ နော်ဒေါ်လီဝေလ်ဘာနှင့် ဆရာမများ ပူးပေါင်းပါဝင်သည့်အဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက်က မတ္တရာမြို့နယ်အတွင်းရှိ ငါးမွေးမြူရေးကန်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီး ဦးစီးမှူးနှင့်အဖွဲ့သည် မတ္တရာမြို့နယ် တောင်ပြုံးကျေးရွာ လက္ကောင်းကြီးကျေးရွာ၊ လက္ကောင်းလေးကျေးရွာ၊ ရေနံ့သာကျေးရွာ၊ ပန်းယျကျေးရွာ ငါးမွေးကန်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ငါးမွေးမြူထားရှိမှု၊ ငါးကျန်းမာရေး၊ ငါးအစာကျွေးမှု အခြေအနေများနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ငါးလုပ်ငန်းဦးစီး)**

တွံတေးမြို့နယ်အသင်း(ရန်ကုန်) ရာသက်ပန် နာယကဟောင်း ဦးကျော်ဝင်းအား ရည်စူး၍ ဒဂုံမြို့နယ် အလုံလမ်း ခြံအမှတ်(၅၄)နေ ဒေါ်ခင်လေးကြည်နှင့် သားသမီးတစ်စုက တွံတေးမြို့နယ်အသင်း(ရန်ကုန်) အဆောက်အအုံဆောက်လုပ်ရေးအတွက် မတည်လှူဒါန်းငွေကျပ် ၂၅သိန်းကို အသင်းဥက္ကဋ္ဌ ဒေါ်သင်းသင်းထံ ဖေဖော်ဝါရီ ၂၀ရက်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး မိုင်းယောင်း၌ သင်တန်းဖွင့်

မိုင်းယောင်း ဖေဖော်ဝါရီ ၂၂

၂၀၁၁ခုနှစ် မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၃ ရက် နံနက် ၁၀ နာရီက မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးဇော်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် လယ်ယာစာရင်းကောက်ယူမည့်လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

သင်တန်းကာလမှာ ငါးရက်ကြာမြင့်ခဲ့ပြီး သင်တန်းဖွင့်ပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာအုပ်စု ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းသင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေပိုက်သွယ်တန်း

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်ပန်းမြို့ တိုးချဲ့ရေပေးရေးလုပ်ငန်းဖြစ်သည့် နန်းအွန်ရေထွက်မှ လေးလက်မ ဂျီအိုင်ပိုက်သွယ်တန်းနေမှုကို ဖေဖော်ဝါရီ ၁၆ ရက်က အင်ဂျင်နီယာမှူး ဦးညီညီသန့် ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဂဝံလမ်းခင်း

သထုံမြို့နယ် ကျိုက်ကော်-ညောင်လေးပင် ကတိုက်ကြီးလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၁၇ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက် ဆောက်လုပ်ပြီးစီးမှု ရွှေကူမြို့၌ ကြည့်ရှုစစ်ဆေး

ရွှေကူ ဖေဖော်ဝါရီ ၂၂

ရွှေကူမြို့ မဏိသြဂကျေးရွာ ပညာကမ္ဘာ စာကြည့်တိုက် အဆောက်အအုံသစ်ဆောက်လုပ်ပြီးစီးနေမှုကို ဖေဖော်ဝါရီ ၃ရက် မွန်းလွဲ ၂နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညီညီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်အောင်နီနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်တို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌ ဦးညီညီက စာကြည့်တိုက် ဆောက်လုပ်မှုကော်မတီဥက္ကဋ္ဌ ဦးလူလှ၊ ကျေးရွာရပ်မိရပ်ဖတို့နှင့် တွေ့ဆုံ၍ သတ်မှတ်ကာလအတွင်းပြီးစီးအောင် ဆောက်လုပ်ရေးနှင့် ကျေးရွာပြည်သူများမှ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ရန်ပုံငွေရရှိရေး ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စိုးနိုင်က စံ(၅)ရပ်နှင့် ပြည့်စုံအောင် ဆောင်ရွက်ရေး၊ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးတို့ကိုဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဆုပေးအပ်ချီးမြှင့်

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် မူကြိုအရွယ်ကလေးငယ်များ ကာယ/ဉာဏ စွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအေးလူက ပထမဆုရရှိသော နှင်းမူကြိုကျောင်းအား ဆုများပေးအပ်ချီးမြှင့်စဉ်။(၀၂၁)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မြန်မာ့အလင်း ကျန်းမာရေးသုတ သတင်းမှတ်စု

ကင်ဆာရောဂါ ကင်းဝေးလိုပါလျှင်....

➤ မြင့်မောင်စိုး - ရေးသားသည် ➤

လန်ဒန် ဖေဖော်ဝါရီ ၂၃

လူတို့သည် သဘာဝကျကျ နေထိုင်စားသောက်ခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုကို တားဆီးကာကွယ်ပေးနိုင်လိမ့်မည်ဖြစ်ကြောင်း ကျွမ်းကျင်သူတို့က ဆိုထားသည်။

သဘာဝကျကျ နေထိုင်စားသောက်ခြင်းဆိုရာတွင် ကျန်းမာရေးနှင့် ညီညွတ်သည့် သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ စားသုံးခြင်း၊ အရက်သေစာသောက်စားမှု ရှောင်ကြဉ်ခြင်းနှင့် လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းတို့ကို ဆိုခြင်းပင်ဖြစ်၏။

ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာ

လူတို့အနေဖြင့် ကင်ဆာရောဂါကာကွယ်နိုင်ရန် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်များကို နေ့စဉ် စားသုံးရမည်ဖြစ်သည်။ အဝမလွန်စေရန် တိရစ္ဆာန်မှရသောအဆီနှင့် ဆီများ လျှော့စားသင့်သည်။ အမျှင်ဓာတ်များသော ဂျုံနှင့် ပြောင်းဆန်များ၊ ဗီတာမင်အေနှင့် စီဓာတ်ပါသည့် အရွက်များ၊ အသီးအနှံများ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီနှင့် ဆလတ်ရွက်တို့ကို ပိုမိုစားသုံးရမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

ကျန်းမာရေးအတွက် အမျိုးသမီးများ စုပေါင်းလေ့ကျင့်ခန်း ပြုလုပ်ကြစဉ်။ (အင်တာနက်ဓာတ်ပုံ)

ထူးခြားသည့် ညအပူချိန်များ

၂၃-၂-၂၀၁၁

ဟားခါးမြို့	၁ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၆ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၆ ဒီဂရီစင်တီဂရိတ်

မိုးရွာသွန်းမှု

၂၃-၂-၂၀၁၁

ထားဝယ်မြို့	၀ ဒသမ ၂၈ လက်မ
ကော့သောင်းမြို့	၀ ဒသမ ၀၈ လက်မ